တေဒဂ်ရ ပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၅)

ဒိဗ္ဗစက္ခုအဘိညာဉ်အရာ တေဒဂ်ရ အရှင်အနုရုဒ္ဓါမထေရ်

အခုခေတ်မှာ တရားအားထုတ်ကြတဲ့ ယောဂီတွေ တော်တော်များလာပါတယ်။ တရားပြတဲ့ပုဂ္ဂိုလ်တွေကလဲ မျိုးစုံဆိုတော့ ဘယ်တရားဟာ အစစ်အမှန်လဲ၊ ဘယ်လိုအခြေအနေတွေ ပြည့်စုံမှ တရားရနိုင်မလဲစတဲ့ အကြောင်းအရာတွေကို သေချာဝေခွဲနိုင်ဘို့ကတော့ စာပေပရိယတ် အခြေခံ မရှိရင် ခက်ပါလိမ့်မယ်။ ဒိဗ္ဗစက္ခုအဘိညာဉ်အရာ တေဒဂ်ရ အရှင်အနုရုဒ္ဓါ အရှင်မြတ်အကြောင်းကို သေချာသိရရင်တော့ တရားထူး ရနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးဆိုတာ သိနားလည်သွားပြီး ယောဂီပုဂ္ဂိုလ်တွေအနေနဲ့ ကိုယ့်ကိုယ်ကို အဲဒီလို အရည်အချင်းတွေနဲ့ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်မှာပါ။ ဒါဆိုရင် ဘယ်လိုကမ္မဋ္ဌာန်းဆရာမျိုးကဖြစ်ဖြစ် မိမိကို တရားထူးရပြီလို့ ဆုံးဖြတ်ပေးလိုက်တဲ့အခါ၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကို တရားထူးရနေပြီလို့ ထင်နေတဲ့အခါမျိုးမှာ ဒီအရည်အချင်းတွေနဲ့ ပြည့်စုံကိုက်ညီရဲ့လားလို့ စစ်ဆေးကြည့်လိုက်တာနဲ့ ကိုယ်ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ဆိုတာ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှာပါ။ ဒီလို အဖိုးတန်တဲ့ အကျိုးတရားတွေ ရဘို့အတွက် အရှင်အနုရုဒ္ဓါမထေရ်မြတ်အကြောင်း ကြည်ညိုကြည့် ကြရအောင်ပါ။

အရှင်အနုရုဒ္ဓါမထေရ်မြတ်ဟာ ဒိဗ္ဗစက္ခုအဘိညာဉ်အရာမှာ အသာဆုံး တေဒဂ်ဘွဲ့ထူးရခဲ့သူပါ။ ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ နတ်မျက်စိလို အဝေးမှာရှိတဲ့ တစ်ခုခုနဲ့ဖုံးကွယ်နေတဲ့ အဆင်းရူပါရုံကိုပဲဖြစ်ဖြစ် အလွန်သေးငယ်တဲ့ သိမ်မွေ့နုးညံ့တဲ့ ရူပါရုံကိုပဲဖြစ်ဖြစ် ဘယ်အဆင်းရူပါရုံမျိုးကိုမဆို မြင်နိုင်တဲ့ဉာဏ်အမြင်ကို ဆိုလိုတာပါ။ သတ္တဝါတွေ မကောင်းမှု အကုသိုလ်ဒုစရိုက်တွေ ပြုလုပ်လို့ပဲဖြစ်ဖြစ်၊ မကောင်းတဲ့မှားယွင်းတဲ့အမြင်တွေ ကိုယ်တိုင်လဲရှိ, သူတစ်ပါးကိုလဲ အမြင်မှားတွေဖြစ်အောင် ဆောက်တည်စေလို့ပဲဖြစ်ဖြစ်၊ သူတော်ကောင်းတွေကို မဟုတ်မတရားစွပ်စွဲလို့ပဲဖြစ်ဖြစ် အပါယ်လေးပါးရောက်ပြီး ဆင်းရဲဒုက္ခရောက်နေတာတွေကိုလဲ မြင်နိုင်တယ်။ နောက်ပြီး သုစရိုက်ကုသိုလ်တွေကို ပြုလို့၊ မှန်ကန်တဲ့ အမြင်ရှိလို့၊ သူတပါးကိုလဲ မှန်တဲ့ အမြင်တွေ ဖြစ်အောင် ကြိုးပမ်းပေးလို့နဲ့ သူတော်ကောင်းတွေကို မစွပ်စွဲမဖျက်ဆီးတဲ့သူတွေ သေပြီးတဲ့နောက် လူ့ပြည်၊ နတ်ပြည်မှာ သွားဖြစ်ကြတာတွေကိုလည်း ဒီဉာဏ်နဲ့ မြင်နိုင်ပါတယ်။ အတိုချုပ်ပြောရရင်တော့ ကောင်းကံ, မကောင်းကံအားလျော်စွာ ကောင်းတဲ့ဘုံနဲ့ မကောင်းတဲ့ဘုံတွေမှာ စံစား၊ ခံစားနေရတဲ့ သတ္တဝါ တွေကို ဒိဗ္ဗစက္ခုဉာဏ်နဲ့ မြင်နိုင်ပါတယ်။

အရှင်အနုရုဒ္ဓါမထေရ်ဟာ ဆွမ်းစားချိန်ကလွဲရင် ကျန်တဲ့အချိန်တိုင်းမှာ အရောင်အလင်းအာလောကကသိုဏ်းကို ဖြစ်ပွားစေပြီး ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်မျက်စိနဲ့ သတ္တဝါတွေကို ကြည့်နေတာပါ၊ ဒီလို အမြဲမပြတ် ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်ကို အသုံးပြုလေ့ရှိတဲ့အတွက်ကြောင့် အရှင်မြတ်ဟာ ဒိဗ္ဗစက္ခုဉာဏ်ရတဲ့ တပည့်တွေထဲမှာ အသာဆုံး တေဒဂ်ကို ရခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းကာလက ကောင်းမှုပြုပြီး ဆုတောင်းခဲ့လို့လဲ ဒီ ဒိဗ္ဗစက္ခုနဲ့ပတ်သက်တဲ့ တေဒဂ်ဘွဲ့ထူးနဲ့ ချီးမြှောက်ခံရခြင်းဖြစ်ပါတယ်။

အရှင်အနုရုဒ္ဓါ မထေရ်ဟာ သက်တော် ၁၅၀ ရှည်ခဲ့ပြီး၊ ပထမသင်္ဂါယနာတင်ပွဲမှာလဲ အရှင်မဟာကဿပမထေရ်နဲ့အတူ ဦးစီးဦးဆောင်ပြုခဲ့တဲ့ မထေရ်မြတ်တစ်ပါး ဖြစ်ပါတယ်။ ပထမသင်္ဂါယနာတင်ပွဲအပြီးမှာ နိကာယ်ငါးရပ်ထဲက အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါနဲ့ တပည့်တွေက အဓိကတာဝန်ယူပို့ချဖို့အတွက် သင်္ဂါယနာတင်မထေရ်တွေရဲ့ တာဝန်ပေးတာကိုလဲ လက်ခံပြီး ထမ်းဆောင်ခဲ့ပါတယ်။ အရှင်အနုရုဒ္ဓါမထေရ်ဟာ မြတ်စွာဘုရားရှင်နဲ့ အရှင်သာရိပုတ္တရာအရှင်မြတ်တို့ ပရိနိဗ္ဗာန်စံတော်မူတဲ့အချိန်မှာလဲ သောကဖြစ်နေတဲ့ လူရှင်ရဟန်းတွေကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီး စောင့်ရှောက်ပေးခဲ့ပါတယ်။

သာသနာ့သမိုင်းမှာ ထူးခြားတဲ့ဂုဏ်ရည်တွေနဲ့ ပြည့်စုံတဲ့ အရှင်အနုရုဒ္ဓါမထေရ်မြတ်ရဲ့ အတိတ်ဘဝက ပါရမီဖြည့်ခဲ့ပုံ၊ ပစ္စုပ္ပန်ဘဝအကြောင်းနဲ့ အရှင်မြတ်နဲ့ဆက်စပ်ပြီး ဟောထားတဲ့ တရားတော်စတဲ့ အကြောင်းအရာတွေကို ကြည်ညိုကြရအောင်ပါ။

(က) အတိတ်ဘဝ ပါရမီဖြည့်ခဲ့ပုံများ

(၁) ပဒုမုတ္တရာမြတ်စွာဘုရားလက်ထက် ကောင်းမှုပြုပြီး ဆုတောင်းပုံ

အရှင်အနုရုဒ္ဓါမထေရ်ဟာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရာမြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက သူကြွယ်တစ်ဦးဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အမည်နာမကတော့ သိပ်မထင်ရှားခဲ့ပါဘူး။ သူဟာ အရွယ်ရောက်လို့ တစ်နေ့မှာတော့ တရားနာဖို့သွားတဲ့ အခြားပရိတ်သတ်တွေနဲ့အတူ မြတ်စွာဘုရားသီတင်းသုံးရာကျောင်းတော်ကို လိုက်သွားခဲ့ပါတယ်။ မြတ်စွာဘုရားကို ကန်တော့ပြီး ပရိသတ်အစွန်မှာ ထိုင်ကာ တရားနာခဲ့ပါတယ်။ ပဒုမုတ္တရာမြတ်စွာဘုရားလဲ ဒေသနာတော်ကို အနုသန္ဓေအတိုင်း ဆက်စပ်ဟောကြားပြီးတဲ့နောက် ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ ရဟန်းတော်တစ်ပါးကို ဧတဒဂ်အရာ ထားတော်မူခဲ့ပါတယ်။

ဒီအခါ အဲဒီသူကြွယ်ရဲ့ စိတ်ထဲမှာ "ဒီရဟန်းတော်ဟာ ကြီးကျယ်မြင့်မြတ်တော်မူပါပေတယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဒီရဟန်းကို ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့သူတွေထဲမှာ အသာဆုံးအရာထားပြီး ချီးမြှောက်တော်မူပါပေတယ်၊ ငါလဲပဲ နောင်ပွင့်တော်မူမဲ့ တစ်ဆူသောဘုရားရှင်ရဲ့ သာသနာတော်မှာ ဒိဗ္ဗစက္ခု အဘိညာဉ်ရရှိသူတွေထဲမှာ အသာဆုံးပုဂ္ဂိုလ်ဖြစ်ရရင် ကောင်းမှာပဲ" လို့ တွေးကြံမိပြီး ပရိသတ်အစွန်ကနေ မြတ်စွာဘုရားရှင်ရှိရာ သွားခဲ့ပြီး မြတ်စွာဘုရားကို နောက်ပါသံဃာတော်တွေနဲ့အတူ မနက်ဖန် ဆွမ်းစားကြွဖို့ ပင့်လျှောက်ပါတယ်။

နောက်တစ်နေ့မှာ ပဒုမုတ္တရာမြတ်စွာဘုရားရှင်နဲ့ သံဃာတော်တွေဟာ သူကြွယ်အိမ်ကြွပြီး ဆွမ်းဘုဉ်းပေးခဲ့ကြတယ်။ သူကြွယ်လဲ ကြီးကျယ်တဲ့ဆုကို ရချင်ခဲ့သူပီပီ တစ်နေ့ထဲ ဆွမ်းကပ်ရတာ အားမရတာနဲ့ နောက်ရက်၊ နောက်ရက်တွေပါဆက်ပြီး ခုနစ်ရက်တိတိ ဆွမ်းတွေဆက်ကပ်၊ ကောင်းမြတ်တဲ့အဝတ်သင်္ကန်းတွေလှူကာ ကြီးကျယ်တဲ့ အလှူတော်ကြီးကို ပေးလှူခဲ့ပြီးတဲ့နောက် "မြတ်စွာဘုရား.... တပည့်တော် ဤမျှကြီးကျယ်တဲ့အလှူကို နတ်စည်းစိမ်ကို တောင့်တပြီး လှူခဲ့တာလဲမဟုတ်ပါ၊ လူ့စည်းစိမ်ကို တောင့်တပြီး လှူခဲ့

တာလဲမဟုတ်ပါဘုရား။ အရှင်ဘုရားတို့ဟာ လွန်ခဲ့တဲ့ခုနစ်ရက်က ရဟန်းတော်တစ်ပါးကို ဒိဗ္ဗစက္ခုအဘိညာဉ် အရာ အသာဆုံး ဧတဒဂ်ရာထူး ပေးပြီး ချီးမြှောက်ခဲ့ပါတယ်၊ တပည့်တော်လဲ နောင်အနာဂတ် တစ်ဆူသော ဘုရားရှင်ရဲ့ သာသနာတော်မှာ အဲဒီရဟန်းလို ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့သူတွေထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်ရ ပါလို၏ဘုရား" လို့ ဆုတောင်းပြီး မြတ်စွာဘုရားခြေတော်ရင်းမှာ ဝပ်စင်းပြီး နေခဲ့ပါတယ်။

ဒီအခါ ပဒုမုတ္တရာမြတ်စွာဘုရားလဲ အနာဂတ်ကို မျှော်ကြည့်တော်မူပြီး သူကြွယ်ရဲ့ ဆုတောင်းပြည့် မှာကို မြင်တော်မူတဲ့အတွက် "အို ဒါယကာ....နောင်အနာဂတ် ကမ္ဘာတစ်သိန်းကြာတဲ့အခါ ဂေါတမမြတ်စွာ ဘုရား ပွင့်လိမ့်မယ်၊ သင်ဟာ အဲဒီဘုရားသာသနာတော်မှာ အနုရုဒ္ဓါဆိုတဲ့ အမည်နဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်အရာ အသာဆုံးဧတဒဂ် ရလိမ့်မယ်"လို့ မိန့်တော်မူကာ ဆွမ်းအနုမောဒနာတရားဟောပြီးတဲ့နောက် ကျောင်းတော်ကို ပြန်ကြွသွားခဲ့ပါတယ်။

သူကြွယ်လဲ ပဒုမုတ္တရာမြတ်စွာဘုရား သက်တော်ထင်ရှားရှိသမျှ ကာလတစ်လျှောက်လုံး ကောင်းမှု ကုသိုလ်အမြဲမပြတ် ပြုခဲ့ပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလို့ ခုနစ်ယူဇနာမြင့်တဲ့ ရွှေစေတီကြီး တည်ထား ပြီးတဲ့အချိန် ရဟန်းတော်တွေထံ ချဉ်းကပ်ပြီး ဒိဗ္ဗစက္ခုအဘိညာဉ်ရဖို့ရန်အတွက် ဘယ်လိုကောင်းမှု ပြုသင့် ပါသလဲလို့ မေးလျှောက်ခဲ့ပါတယ်။ ဒီအခါ ရဟန်းတော်တွေက ဆီမီးအလှူကို ပေးလှူသင့်ကြောင်း မိန့်ကြား ခဲ့ကြတယ်။ ဒီအခါမှာ အဲဒီသူကြွယ်ဟာ ဆီမီးတိုင် တစ်ထောင်စီ တစ်ထောင်စီပါတဲ့ ဆီမီးတိုင်သစ်ပင်ကြီးပေါင်း တစ်ထောင်စီမံပြီး လှူဒါန်းခဲ့ပါတယ်။ ဒါ့အပြင် ဆီမီးတိုင်ပါတဲ့ သစ်ပင်လတ်တွေ၊ သစ်ပင်ငယ်တွေကိုလဲ အများကြီးစီမံပြီး လှူဒါန်းခဲ့ရုံမက ကျန်တဲ့ ရိုးရိုး ဆီမီးတွေ ပြုလုပ်ပြီး လှူဒါန်းခဲ့တာလဲ အမြောက်အများပါပဲ။

(၂) ကဿပမြတ်စွာဘုရားလက်ထက် ကောင်းမှုပြုပုံ

အရှင်အနုရုဒ္ဓါလောင်း သူကြွယ်ဟာ အသက်ထက်ဆုံး ကောင်းမှုကုသိုလ်တွေ ပြုပြီးတဲ့နောက် လူ့ပြည် နတ်ပြည် ကျင်လည်ရင်းက ကမ္ဘာတစ်သိန်း လွန်မြောက်လို့ ဒီဘဒ္ဒကမ္ဘာမှာ ကဿပဘုရားရှင်လက်ထက်တော် ရောက်တဲ့အခါ ဗာရာဏသီပြည်မှာ သူကြွယ်ပင် ဖြစ်ခဲ့ပြန်ပါတယ်။ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့အခါ လူတွေဟာ မြတ်စွာဘုရားရဲ့ ဓာတ်တော်တွေကို တစ်ယူဇနာမြင့်တဲ့ ရွှေစေတီကြီး ပြုလုပ်ပြီး တည်ထား ကိုးကွယ်ခဲ့ကြတယ်။ အနုရုဒ္ဓါမထေရ်လောင်း သူကြွယ်လဲ ရွှေခွက်ပေါင်းများစွာ သွန်းခိုင်းပြီး ထောပတ် ဆီကြည်တွေထည့်ကာ ရွှေစေတီတော်ကြီးရင်ပြင်မှာ စေတီတော်ကြီးကို ပတ်မိအောင် ပြင်ဆင်ခဲ့ပြီး ဆီမီး ညှိထွန်းကာ ပူဇော်ခဲ့ပါတယ်။ ပူဇော်ထားတဲ့ ရွှေဆီမီးခွက်တွေဟာ တစ်ခွက်နဲ့တစ်ခွက် အနားချင်းကို ထိစပ် နေတာပါပဲ။ သူကိုယ်တိုင်ကလဲ ထောပတ်ဆီအပြည့်ထည့်ထားပြီး အလယ်တည့်တည့်မှာ မီးစာတိုင်အကြီး တစ်ခုနဲ့ ဘေးပတ်ပတ်လည်မှာ မီးစာပေါင်းတစ်ထောင် ထွန်းညှိထားတဲ့ ရွှေခွက်ကြီးကို ခေါင်းပေါ်ရွက်ကာ တစ်ယူဇနာရှိတဲ့ ရွှေစေတီကြီးကို တစ်ညလုံး လှည့်ပတ်ပြီး ပူဇော်ခဲ့ပါတယ်။ သူကြွယ်ဟာ အဲဒီဘဝမှာလဲ ဘဝတစ်လျှောက်လုံး ကောင်းမှုကုသိုလ်တွေ ပြုလုပ်ခဲ့ပြီး သေတဲ့အခါ နတ်ပြည်မှာ နတ်သားဖြစ်ခဲ့ပါတယ်။

(၃) ကဿပမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားနှစ်ဆူကြား ကြားကာလ ပါရမီဖြည့်ပုံ

အရှင်မြတ်အလောင်းဟာ တစ်ဖန် အကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ ဗာရာဏသီပြည်မှာပဲ ဆင်းရဲသားတစ်ဦးဖြစ်ခဲ့ပြီး သုမနသူဌေးကြီးကို အမှီပြုကာ နေခဲ့ရတယ်။ သူ့နာမည်က **အန္နဘာရ** လို့ ခေါ်ပါတယ်။ သုမနသူဌေးကြီးကတော့ ခိုကိုးရာမဲ့သူတွေ၊ ခရီးသွားတွေနဲ့ ဆင်းရဲသားတွေကို သူ့ရဲ့ အိမ်တံခါးဝမှာ နေ့တိုင်း အလှူကြီး ပေးလှူပါတယ်။ တစ်နေ့မှာတော့ ဂန္ဓမာဒနတောင်မှာ သီတင်းသုံးတဲ့ ဥပရိဋ္ဌ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးဟာ နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူပြီးနောက် ဒီနေ့ ဘယ်သူ့ကို ချီးမြှောက်ရမလဲလို့ ဆင်ခြင်တော်မူပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေဟာ ဆင်းရဲတဲ့သူတွေကို အစဉ်သနား ချီးမြှောက်တော်မူလေ့ရှိပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ဟာ "ဒီနေ့တော့ အန္နဘာရကို ချီးမြှောက်သင့်တယ်"လို့ ဆင်ခြင်တော်မူပြီးနောက် အန္နဘာရ တောထဲက ပြန်လာလောက်တဲ့အချိန်ကို မှန်းပြီး သပိတ်သင်္ကန်းကို ယူဆောင်ကာ ဂန္ဓမာဒနတောင်ကနေ ကောင်းကင်ခရီးနဲ့ ကြွလာပါတယ်။ ရွာတံခါးဝအရောက် အန္နဘာရ ဆင်းရဲသားရဲ့ ရှေ့မှာတင် ကောင်းကင်ကနေ သက်ဆင်းတော်မူလိုက်ပါတယ်။

အန္နဘာရဆင်းရဲသားလဲ ပစ္စေကဗုဒ္ဓါရဲ့ ဘာဆွမ်းမှမပါသေးတဲ့ သပိတ်ကို မြင်လိုက်ပြီးတဲ့နောက် အရှင်မြတ်ကို ဦးချကန်တော့ကာ အရှင်မြတ် ဆွမ်းရပါပြီလားဘုရားလို့ မေးလျှောက်ပါတယ်။ "ရပါလိမ့်မယ် ဒကာ"လို့ အရှင်မြတ်က ပြန်မိန့်တော်မူတဲ့အခါ "အရှင်ဘုရား...ဒီနေရာမှာ ခေတ္တခဏမျှ ရပ်တော်မူပါဦးဘုရား" လို့ တောင်းပန်လျှောက်ထားပြီး သူ့ရဲ့ အိမ်ကို ခပ်သုတ်သုတ်လေး ပြန်သွားပြီးတော့ သူ့အတွက် ချန်ထားတဲ့ ဝေပုံကျ ထမင်းရှိ၊ မရှိ အိမ်ရှင်မကို မေးပါတယ်။ အိမ်ရှင်မက ရှိတဲ့အကြောင်း ပြန်ဖြေလိုက်တဲ့အခါ အန္နဘာရဆင်းရဲသားလဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ ပြန်သွားပြီး သပိတ်ကို ယူဆောင်ကာ ပြန်လာပြီးတဲ့နောက် သူ့ရဲ့ဇနီးသည် အိမ်ရှင်မကို "နမ...ငါတို့ဟာ ရှေးဘဝတွေက ကောင်းမှုကုသိုလ် မပြုခဲ့ကြလို့ ထမင်းအတွက် တတောင့်တတနဲ့ နေနေရတယ်၊ ငါတို့မှာ လှူချင်တဲ့စေတနာရှိပေမဲ့ လှူစရာပစ္စည်းဝတ္ထုက မရှိ၊ လှူဖွယ်ပစ္စည်းဝတ္ထု ရှိပြန်တော့လဲ အလှူခံက မရှိ ဖြစ်ဖြစ်နေတယ်။ ဒီနေ့တော့ ငါတို့ဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးတွေ့နေရပြီ၊ ငါ့အတွက် ဝေပုံကျ ထမင်းလဲ ရှိနေတယ်၊ ဒါ့ကြောင့် ငါ့အတွက် ဝေပုံကျ ထမင်းကို ဒီသပိတ်ထဲ လောင်းထည့်ပါ"လို့ ပြောလိုက်တယ်။

ဒီအခါ လိမ္မာရေးခြားရှိတဲ့ သူ့ရဲ့ အိမ်ရှင်မကလဲ "ငါ့အရှင်သခင်က သူ့အတွက် ဝေပုံကျထမင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူဒါန်းနေတော့ ငါလဲ ဒီအလှူဒါနမှာ ဝေစုရသူ ဖြစ်သင့်တယ်" လို့ ကြံစည်စဉ်းစားပြီး သူမအတွက် ဝေစုထမင်းကိုပါ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ သပိတ်ထဲ လောင်းလှူလိုက်တယ်။ အန္နဘာရ ဆင်းရဲသားလဲ ဆွမ်းသပိတ်ကို ပြန်ယူလာပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ လက်ထဲ ဆက်ကပ်လှူဒါန်းပြီးတဲ့အခါ "တပည့်တော်ဟာ အခုလို ဆင်းရဲပင်ပန်းစွာ အသက်မွေးရခြင်းကနေ လျင်မြန်စွာ လွတ်မြောက်ရပါလို၏ ဘုရား" လို့ ဆုတောင်းစကား လျှောက်ထားခဲ့ပါတယ်။ ဒီအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်က "ဘုန်းကံကြီးတဲ့ ဒကာ... ယခုသင်ဆုတောင်းတဲ့အတိုင်း ပြည့်ပါစေ"လို့ မိန့်တော်မူခဲ့ပါတယ်။ အန္နဘာရဆင်းရဲသားဟာ သူ့ရဲ့

အပေါ်ရုံအဝတ်ကို တစ်နေရာမှာခင်းပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို သူခင်းထားတဲ့အခင်းပေါ်မှာ ထိုင်ပြီး ဘုဉ်းပေးရန် တောင်းပန်လျှောက်ထားပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်လဲ အန္နဘာရခင်းပေးတဲ့ နေရာမှာ ထိုင်ပြီး အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း စီးဖြန်းကာ ဆွမ်းဘုဉ်းပေးတော်မူပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အန္နဘာရက သပိတ်ဆေးရေ ဆက်ကပ်ပါတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်လဲ ဆွမ်းဘုဉ်းပေး ခြင်းကိစ္စပြီးတဲ့နောက်---

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

တုယှံ - သင်၏၊ ဣ စ္ဆိတံ - အလိုရှိအပ်သော၊ ပတ္ထိတံ - တောင့်တအပ်သောဆုသည်၊ ခိပ္ပမေဝ - လျင်မြန်စွာသာလျှင်၊ သမိဇ္ဈတု - ပြည့်ပါစေသတည်း။ ပန္နရသော စန္ဒော ယထာ - လဆန်းပက္ခ တဆဲ့ငါးရက်ကောင်းကင်ထက်မှာ သာနေသော လပြည့်ဝန်းကြီးကဲ့သို့၊ တုယှံ - သင်၏၊ သဗ္ဗေ - အလုံးစုံကုန် သော၊ သင်္ကပ္ပါ - ကောင်းမြတ်သော အကြံအစည်မှန်သမျှတို့သည်၊ ပူရေ န္တု - ပြည့်ပါစေသတည်း” လို့ အနုမောဒနာပြုတော်မူခဲ့ပြီး ခရီးဆက်ကြွသွားတော်မူခဲ့ပါတယ်။ ဒီအခါမှာ သုမနသူဌေးရဲ့ ထီးစောင့်နတ်သမီးက “ဉပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူဒါန်းလိုက်တဲ့အလှူဟာ အလွန်မြင့်မြတ်ပါပေတယ်”လို့ သုံးကြိမ်ရွတ်ဆိုပြီး သာဓုခေါ်ပါတယ်။ သုမနသူဌေးက “ငါလှူဒါန်းနေတာ ကြာလှပြီ၊ သင် မမြင်ဘူးလား”လို့ မေးပါတယ်။ ဒီလိုမေးတဲ့အခါ နတ်သမီးက “အို သူဌေးမင်း…ငါဟာ သင့်ရဲ့အလှူကို သာဓုခေါ်တာ မဟုတ်၊ အန္နဘာရ ဆင်းရဲသားက ဉပရိဋ္ဌပစ္စေကဗုဒ္ဓါကို ဆွမ်းလောင်းလှူလိုက်တာကို ကြည်ညိုလို့ သာဓုခေါ်တာပါ” လို့ ဖြေပါတယ်။

သုမနသူဌေးလဲ “အော် အံ့ဩစရာကောင်းလိုက်တာ၊ ငါ ဒီလောက် ကာလတာရှည် လှူဒါန်းခဲ့တဲ့ ဒါနကောင်းမှုတွေက နတ်သမီးကို သာဓုခေါ်အောင် မလုပ်နိုင်ခဲ့ဘူး၊ ငါ့ကို မှီခိုပြီး နေရတဲ့ ဒီ အန္နဘာရကတော့ သင့်လျှော်လျောက်ပတ်တဲ့ အလှူခံပုဂ္ဂိုလ်ရခဲ့တဲ့အတွက် တစ်ကြိမ်ဆွမ်းလောင်းလှူလိုက်ရုံနဲ့ နတ်သမီး သာဓုခေါ် ကောင်းချီးပေးအောင် စွမ်းနိုင်ပါပေတယ်။ အန္နဘာရကို သင့်တော်သလောက် အဖိုးအခပေးပြီး ဒီဆွမ်းအလှူကို ငါ့ကုသိုလ်ဖြစ်အောင် လုပ်သင့်တယ်”လို့ တွေးကြံပြီး အန္နဘာရကို ခေါ်ကာ “ ဒီနေ့ သင် ဘယ်သူ့ကို အလှူလုပ်ခဲ့တုန်း” လို့ မေးပါတယ်။ ဒီအခါ အန္နဘာရက သူ့ရဲ့ဝေပုံကျထမင်းကို ဉပရိဋ္ဌပစ္စေကဗုဒ္ဓါကို လောင်းလှူခဲ့တဲ့အကြောင်း ရှင်းပြပါတယ်။ သုမနသူဌေးက “အမောင် အန္နဘာရ… ဒါဆို ပိုက်ဆံတစ်ကျပ် ယူကွာ၊ မင်းလှူခဲ့တဲ့ ဆွမ်းအလှူကို ငါ့ကို ပေးပါ” လို့ ပြောပါတယ်။ ဒီအခါ အန္နဘာရက မပေးနိုင်တဲ့အကြောင်း ပြန်ဖြေလိုက်တယ်။ သူဌေးက ဆက်ပြီး ပိုက်ဆံတစ်ထောင်အထိ တိုးပေးပါတယ်။ အန္နဘာရကလဲ တစ်ထောင်နဲ့လဲ မပေးနိုင်တဲ့အကြောင်း ငြင်းလိုက်ပါတယ်။ ဒီလိုငြင်းတဲ့အခါ သူဌေးက “အမောင် အန္နဘာရ… မင်းရဲ့ ဆွမ်းအလှူကို ငါ့မပေးတာတော့ ရှိပါစေ၊ ဒါပေမဲ့ ပိုက်ဆံအသပြာတစ်ထောင်ယူပြီးတော့ အလှူရဲ့အဖို့ဘာဂကို ငါ့ကို ပေးပါ”လို့ တောင်းဆိုပြန်ပါတယ်။

အမျှဝေရင် ကုသိုလ်တိုးကြောင်း ဥပမာဖြင့် ရှင်းပြပုံ

ဒီလိုတောင်းဆိုတဲ့အခါ အန္နဘာရက "သူဌေးမင်း....ကုသိုလ်အဖို့ဘာဂကို ပေးသင့်လား၊ မပေးသင့်လားဆိုတာ အကျွန်ုပ် မသိပါ၊ ဒီအကြောင်းကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မေးပြီးတော့မှ ပေးသင့်တယ် ဆိုရင် အကျွန်ုပ်ပေးပါမယ်" လို့ ပြောဆိုပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်နောက် မှီအောင်လိုက်သွားပြီး "အရှင်ဘုရား... သုမနသူဌေးက တပည့်တော်ကို ပိုက်ဆံတစ်ထောင်ပေးပြီး အရှင်ဘုရားတို့ကို လှူထားတဲ့ ကုသိုလ်ရဲ့ အဖို့ဘာဂကို တောင်းနေပါတယ်ဘုရား၊ တပည့်တော် ပေးရမလား၊ မပေးရဘူးလားဘုရား"လို့ လျှောက်ထား မေးမြန်းခဲ့ပါတယ်။ ဒီလိုလျှောက်ထားတဲ့အခါ အရှင်မြတ်က "အို ပညာရှိဒကာ....သင့်ကို ဥပမာနဲ့ ရှင်းပြမယ်၊ အိမ်ခြေတစ်ရာရှိတဲ့ ရွာမှာ အိမ်တစ်အိမ်မှာပဲ ဆီမီးထွန်းထားတာ ရှိတယ်ဆိုပါတော့၊ ကျန်တဲ့အိမ်တွေက ကိုယ့်ဆီမီးခွက်လေးတွေ ယူလာပြီး မီးညှိယူသွားကြမယ်ဆိုရင် မူလအိမ်မှာရှိတဲ့ ဆီမီးရဲ့အလင်းရောင်ဟာ ရှိအုံးမလား၊ မရှိတော့ဘူးလား" လို့ မေးပါတယ်။ ဒီအခါ အန္နဘာရက "အရှင်ဘုရား...မူလဆီမီးရောင် လျော့မသွားတဲ့အပြင် ဆီမီးအလင်းရောင်တွေဟာ ပိုလို့တောင် လင်းထိန်သွားပါတယ်ဘုရား" လို့ ပြန်လျှောက်ပါတယ်။ ဒီလိုလျှောက်တဲ့အခါ အရှင်မြတ်က "အို ပညာရှိဒကာ... ဒို့အတူပဲ ဆွမ်းတစ်ဇွန်းဖြစ်စေ တစ်ယောင်းမဖြစ်စေ လှူပြီးတဲ့အခါ ဒီကုသိုလ်အဖို့ဘာဂကို အယောက်တစ်ရာကိုဖြစ်ဖြစ်, တစ်ထောင်ကိုဖြစ်ဖြစ် မျှဝေပေးရင် ပေးသလောက် ကုသိုလ်တွေ တိုးပွားပါတယ်။ သင်ဟာ အခု ဆွမ်းလှူတဲ့အခါ ဆွမ်းတစ်ခုကိုသာ လှူခဲ့တာ ဖြစ်ပါတယ်၊ တကယ်လို့ သုမနသူဌေးကို သင်က သင့်ရဲ့ကုသိုလ်အဖို့ဘာဂကို မျှဝေပေးလိုက်မယ် ဆိုရင် သင့်အတွက် ဆွမ်းလှူဒါန်းတဲ့ ရှိရင်းစွဲ ဆွမ်းဒါနက တစ်ခု၊ သူဌေးကြီးကို မျှဝေလိုက်တဲ့ ဆွမ်းအလှူဒါန ကုသိုလ်ပွားက တစ်ခု၊ အဲဒီလို ဆွမ်းအလှူဒါန နှစ်ခု ဖြစ်သွားပါတယ်" လို့ ရှင်းလင်း ဖြေကြားတော်မူပါတယ်။

အန္နဘာရလဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရိုသေစွာ ရှိခိုးဦးချ ကန်တော့ပြီး သုမနသူဌေးထံ သွား ရောက်ကာ "အရှင်သူဌေးမင်း...အကျွန်ုပ်ရဲ့ ဆွမ်းအလှူရဲ့ အဖို့ဘာဂကို အရှင်သူဌေးအား ပေးပါတယ်၊ ယူပါ အရှင်သူဌေးမင်း"လို့ ပြောပါတယ်။ အဲဒီအခါမှာ သူဌေးက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီး အန္နဘာရကို အသပြာတစ်ထောင်ယူဘို့ ပြောတယ်။ အန္နဘာရလဲ "အရှင်သူဌေးမင်း...အကျွန်ုပ်က ဆွမ်းအလှူကို ရောင်းတာ မဟုတ်ပါ၊ တကယ်တော့ သဒ္ဓါတရားနဲ့ အကျွန်ုပ်ရဲ့ကုသိုလ်အဖို့ဘာဂကို အသင်သူဌေးမင်းအား ပေးတာဖြစ်ပါ တယ်"လို့ ပြန်ပြောပြလိုက်တယ်။ ဒီအခါ သူဌေးက အန္နဘာရကို "အမောင်....သင်က သဒ္ဓါတရားနဲ့ ကုသိုလ် အဖို့ဘာဂကို ငါ့အား ပေးဝေခဲ့တယ်၊ ငါကတော့ သင့်ရဲ့ဂုဏ်ကို ပူဇော်တဲ့အနေနဲ့ အသပြာတစ်ထောင် ပေးပါ တယ်၊ ယူပါ အမောင်"လို့ ပြောပြီး အသပြာတစ်ထောင်ပေးတဲ့အတွက် အန္နဘာရလဲ မငြင်းသာတော့ဘဲ လက်ခံ လိုက်ပါတယ်။ သုမနသူဌေးက ဆက်ပြီးတော့ အသပြာတစ်ထောင်ရတဲ့ ဒီနေ့ကစပြီးတော့ ကိုယ်တိုင် ကိုယ့် လက်နဲ့ အလုပ်လုပ်စရာ မလိုတော့ကြောင်း၊ လမ်းမတန်းမှာ အိမ်ဆောက်ပြီးနေဖို့နဲ့ လိုအပ်တာမှန်သမျှ လာယူ ပါဆိုတဲ့အကြောင်း အန္နဘာရကို ပြောပြခဲ့တယ်။ နိရောဓသမာပတ်မှ ထခါစ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လှူတဲ့ ဆွမ်းအလှူက အဲဒီနေ့မှာပဲ အကျိုးပေးတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သုမနသူဌေးဟာ အခြားနေ့တွေ နန်းတော်

သွားတဲ့အခါ အန္နဘာရကို ခေါ်မသွားပေမဲ့ အဲဒီနေ့မှာတော့ အန္နဘာရကို ခေါ်ပြီးတော့မှပဲ ဘုရင့်နန်းတော်ကို သွားခဲ့ပါတယ်။

နန်းတော်ရောက်တဲ့အခါ အန္နဘာရရဲ့ဆွမ်းအလှူကောင်းမှုကုသိုလ်ကြောင့် ရှင်ဘုရင်က သူဌေးကို မကြည့်ပဲ အန္နဘာရကိုပဲ စိုက်ကြည့်နေခဲ့တယ်။ သုမနသူဌေးက ရှင်ဘုရင်ကို ဘာ့ကြောင့် ဒီအမျိုးသားကို စူးစူးစိုက်စိုက်ကြည့်နေတာလဲလို့ မေးတဲ့အခါ အခြားနေ့တွေက မတွေ့ဘူးတဲ့အတွက် ကြည့်တာဖြစ်ကြောင်း ဖြေကြားပါတယ်။ ဒီအခါ သုမနသူဌေးက အန္နဘာရကို ရည်ညွှန်းပြီး ဒီယောကျ်ားဟာ သေချာဂရုစိုက် ကြည့်ရှုထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်ပါကြောင်း၊ မိမိစားမည့် ဝေပုံကျထမင်းကို ကိုယ်တိုင်မစားဘဲ ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို လှူဒါန်းခဲ့သူဖြစ်ကြောင်း၊ ဒီအလှူကိုအကြောင်းပြုပြီး အကျွန်ုပ်ထံမှလဲ အသပြာတစ်ထောင် ရထားတဲ့ ပုဂ္ဂိုလ်ဖြစ်ကြောင်းနဲ့ အန္နဘာရလို့ ခေါ်ပါကြောင်း ရှင်ဘုရားကို သံတော်ဦးတင် ရှင်းလင်းလျှောက် ထားပါတယ်။ ရှင်ဘုရင်ကလဲ "ဒီယောကျ်ားဟာ သင်ထံက အသပြာတစ်ထောင်ရထားရင် ငါ့ထံကလဲ ရထိုက်တယ်၊ ငါလဲပဲ သူ့ကို ပူဇော်ပါတယ်"ဆိုပြီး အသပြာတစ်ထောင် ပေးပြီးတဲ့အခါ မင်းချင်းယောကျ်ားတွေကို ဒီအန္နဘာရအတွက် နေစရာအိမ်ဆောက်ဖို့ရန် သင့်တော်တဲ့နေရာ ကြည့်ကြဖို့ မိန့်တော်မူခဲ့တယ်။ မင်းချင်း ယောကျ်ားတွေလဲ အန္နဘာရအတွက် အိမ်ဆောက်ဖို့ နေရာရှာပြီး သုတ်သင်ရှင်းလင်းတဲ့အခါ ပေါက်တူး တူးလိုက်တဲ့နေရာတိုင်းမှာ တစ်အိုးနဲ့တစ်အိုးထိစပ်ပြီး တည်နေတဲ့ရွှေအိုးတွေကို တွေ့ခဲ့ကြတယ်။ ဒီအကြောင်း ရှင်ဘုရင်ထံ သံတော်ဦး တင်လိုက်တဲ့အခါ ရှင်ဘုရင်က တူးကြဖို့ မိန့်တဲ့အတွက် မင်းချင်းယောကျ်ားတွေ ဆက်တူးတဲ့အခါ ရွှေအိုးတွေက တူးတိုင်းတူးတိုင်း မြေကြီးထဲ အောက်ကိုပဲ ဝင်ဝင်သွားကုန်ကြတယ်။

ဒါကိုလဲ ရှင်ဘုရင်ထံ တင်ပြတဲ့အခါ ရှင်ဘုရင်က ဒါဆိုလဲ အန္နဘာရရဲ့စေခိုင်းချက်ကြောင့် တူးတာ ဖြစ်တယ်ဆိုပြီး တူးကြဖို့ မိန့်လိုက်ပါတယ်။ အဲဒီလို ရှင်ဘုရင်မိန့်တဲ့အတိုင်း တူးလိုက်ကြတဲ့အခါ မှိုတွေ မြေကြီးထဲက ထွက်လာသလို ပေါက်တူး တူးလိုက်တဲ့နေရာတိုင်းမှာ မြေကြီးထဲကနေ ရွှေအိုးတွေ ထွက်လာ ခဲ့ပါတယ်။ ဒီရွှေအိုးတွေကို သယ်ယူကြပြီး ဘုရင့်ရှေ့တော်မှောက်မှာ စုပုံထားလိုက်တဲ့အခါ ရှင်ဘုရင်က ရွှေအိုး တွေကို ပြပြီး "ဒီမြို့တော်မှာ ဒီရွှေအိုးတွေလောက်များတဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်တဲ့ အခြားသူ တစ်ဦးတစ်ယောက် ရှိရဲ့လားလို့ အမတ်တွေကို မေးပါတယ်။ မရှိတဲ့အကြောင်း အမတ်တွေက ပြန်လည် လျှောက်တင်တဲ့အတွက် ရှင်ဘုရင်က "ဒီနေ့ကစပြီး အန္နဘာရဟာ ဓနသေဋ္ဌိဆိုတဲ့ အမည်တွင်စေ" ဆိုပြီး သူဌေးရာထူး အပ်နှင်းခဲ့ ပါတယ်။ အန္နဘာရ ဆင်းရဲသားကနေ ဓနသေဋ္ဌိ သူဌေးဖြစ်လာတယ်ပေါ့။ သူဌေးတွေရဲ့ အဆောင်အယောင် ထီးဖြူတော်ကိုလဲ ရခဲ့ပါတယ်။

(၁) ယခုနောက်ဆုံးဘဝ ရဟန်းပြုခြင်း

အန္နဘာရလဲ ဓနသေဋ္ဌိသူဌေးဖြစ်တဲ့နေ့ကစပြီး အသက်ထက်ဆုံး ကောင်းမှုကုသိုလ်တွေ ပြုလုပ်ကာ အဲဒီဘဝကနေ ကွယ်လွန်တဲ့အခါ နတ်ပြည်မှာ ဖြစ်ခဲ့ပါတယ်။ အဲဒီလိုနဲ့ သံသရာကျင်လည်တဲ့အခါ လူ့ပြည်၊ နတ်ပြည်တွေမှာ ကျင်လည်ရင်း ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ ကပိလဝတ်က အမိတ္တောဒန

သာကီဝင်မင်းရဲ့အိမ်မှာ ပဋိသန္ဓေနေခဲ့ပါတယ်။ အမည်ပေးတဲ့နေ့မှာ သူ့ကို အနုရုဒ္ဓါလို့ အမည်မှည့်ခဲ့ကြတယ်။ အနုရုဒ္ဓါဟာ သာကီဝင်မင်းသား မဟာနာမ်ရဲ့ ညီထွေးဖြစ်ပြီး၊ မြတ်စွာဘုရားရဲ့ ဘထွေးတော်ရဲ့သားလဲ ဖြစ်ပါတယ်။ မြတ်စွာဘုရားနဲ့ ညီအကို တစ်ဝမ်းကွဲ တော်စပ်ပါတယ်။ သူဟာ အလွန်သိမ်မွေ့သူဖြစ်ပြီး ဘုန်းကံအလွန်ကြီးသူလဲ ဖြစ်ပါတယ်။ သူ့အတွက် ထမင်းဆိုလဲ ရွှေခွက်ထဲမှာ အရံသင့်ပါပဲ။

အနုရုဒ္ဓါမင်းသားလေးဟာ မရှိဆိုတဲ့ စကားကိုတောင် မကြားဖူးတဲ့သူပါ။ တစ်နေ့မှာ မင်းသားငယ်ခြောက်ယောက် ကလေးသဘာဝ ကစားကြတဲ့အခါ ရှုံးတဲ့သူက မုန့်ကျွေးတမ်းဆိုပြီး ကစားကြတယ်။ ဒီကစားပွဲမှာ အနုရုဒ္ဓါမင်းသားလေး ခဏခဏ ရှုံးတဲ့အတွက် သူ့အိမ်ကနေ မုန့်တောင်းပြီး ကျွေးရတယ်။ သုံးခါလောက်အထိတော့ သူ့အမေက အိမ်မှာရှိတဲ့ မုန့်ပေးပါသေးတယ်။ လေးခါလောက်ကျတော့ အိမ်မှာမုန့်မရှိ တော့ဘူးလို့ လာတောင်းသူကို ပြောလွှတ်ပါတယ်။ ဒီ မရှိဘူးဆိုတဲ့စကားကို အနုရုဒ္ဓါ မင်းသားလေး ကြားလိုက်တယ်ဆိုရင်ပဲ အရင်က မရှိဆိုတဲ့စကား မကြားဘူးလေတော့ မရှိဆိုတာ မုန့်တစ်မျိုးပဲ ဖြစ်ရမယ်လို့တွေးပြီး သူ့အထိန်းတော်တွေကို အဲဒီ မရှိဆိုတဲ့မုန့် အမေ့ဆီကနေ တောင်းခဲ့ပါလို့ဆိုပြီး ခိုင်းလိုက်တယ်။ အနုရုဒ္ဓါမင်းသားလေးရဲ့ မိခင်လဲ မရှိမုန့်ပေးပါလို့ လာတောင်းတဲ့အခါ "အော် ငါ့သား မရှိဆိုတဲ့ စကားတောင် မကြားဘူးပါပဲလား၊ မရှိဆိုတာကို နားလည်အောင် ဥပါယ်တံမျဉ်နဲ့ သိစေမှပဲ"လို့ တွေးပြီး ဘာမှမပါတဲ့ရွှေခွက်တစ်ခုကို အခြားရွှေခွက်တစ်ခုနဲ့ ဖုံးပြီး ပို့ခိုင်းလိုက်ပါတယ်။

ဒီအခါ မြို့စောင့်နတ်တွေဟာ "အနုရုဒ္ဓါသာကီဝင်မင်းသားလေးဟာ အန္နဘာရဆင်းရဲသားဖြစ်စဉ်က သူ့အတွက် ဝေပုံကျထမင်းကို ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား လှူဒါန်းလိုက်ပြီး မရှိဆိုတဲ့စကားကို မကြားပါရစေနဲ့၊ ထမင်းဖြစ်ရာအရပ်ကို သိသူလဲ မဖြစ်ပါရစေနဲ့လို့ ဆုတောင်းခဲ့သူဖြစ်တယ်။ ဘာမှမပါတဲ့ ရွှေခွက်ကို မင်းသားလေး တွေ့သွားရင် ငါတို့တော့ နတ်သဘင် အစည်းအဝေးကိုလဲ တက်ခွင့်ရမှာမဟုတ်ဘူး၊ ဦးခေါင်းလဲ ခုနစ်စိတ် ကွဲသွားနိုင်တယ်"လို့ တွေးတော ဆင်ခြင်ခဲ့ကြပြီး ရွှေအုပ်ထဲမှာ နတ်မုန့်တွေ အပြည့်ထည့်ပေးလိုက်ကြတယ်။ အနုရုဒ္ဓါမင်းသားလေးထံ ရောက်လို့ ရွှေအုပ်ကို ဖွင့်လိုက်တာနဲ့တပြိုင်နက် မုန့်နံ့တွေဟာ တစ်မြို့လုံး မွှေးကြိုင်သွားတယ်၊ မုန့်ပိုင်းလေးတစ်ခုကို ပါးစပ်ထဲ ထည့်လိုက် တာနဲ့ အရသာကြောခုနစ်ထောင် အကုန်ပျံ့နှံ့သွားခဲ့ တယ်။

အနုရုဒ္ဓါမင်းသားလဲ "ငါ့အမေက ငါ့ကို မချစ်ဘူး၊ ဒီအရွယ်အထိ မရှိမုန့်ဆိုတာကို မကျော်ကျွေးဖူးဘူး။ ဒီနေ့ကစပြီး ငါ တခြားမုန့်မစားတော့၊ မရှိမုန့်ဘဲ စားတော့မယ်"လို့ ကြံစည် ဆုံးဖြတ်လိုက်တယ်။ အိမ်ပြန်ရောက်လို့ ဒီအကြောင်း သူ့အမေကို ပြောပြတဲ့အခါ သူ့အမေလဲ အံ့သြပြီး မင်းသားလေးရဲ့ အထိန်းတော်တွေကို အကျိုးအကြောင်း ပြန်မေးကြည့်လို့ အကြောင်းစုံသိရတဲ့အခါ "အော်ငါ့သားက ဘုဉ်းကံရှိသူ၊ ဆုတောင်းနဲ့ လာသူဖြစ်မယ်၊ နတ်တွေက ရွှေအုပ်ထဲ နတ်မုန့်တွေ ထည့်ပေးလိုက်တာဖြစ်မယ်" လို့ နားလည်သွားပြီး သူ့သား အနုရုဒ္ဓါမင်းသားလေးက မရှိမုန့်တောင်းတဲ့အခါတိုင်း ဘာမှမပါတဲ့ ရွှေခွက်ကို တခြားရွှေခွက်နဲ့ ဖုံးအုပ်ပြီး ပေးလိုက်တယ်။ အဲဒီလိုအခါတိုင်း နတ်တွေက မုန့်တွေ ထည့်ပေးခဲ့ကြတယ်။ အနုရုဒ္ဓါမင်းသားလေးဟာ

ဒီလောက်အထိ ရှေးဘုန်းရှေးကံကြီးတဲ့သူပါ။ ရွှေ၊ မိုး၊ ဆောင်း ဥတုသုံးလီနဲ့ လျောက်ပတ်တဲ့ ပြသာဒ် သုံးဆောင်မှာ အဆင်တန်ဆာတွေ ဆင်မြန်းထားတဲ့ ကချေသည်အမျိုးသမီးတွေ ခြံရံပြီး နတ်သားတစ်ယောက် ပမာ စည်းစိမ်းကို ခံစားရတဲ့သူလဲ ဖြစ်ပါတယ်။

သုဒ္ဓေါဓနမင်းကြီးရဲ့ ပင့်လျှောက်ချက်အရ မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီး ကိုးလကျော် ဆယ်လ ရောက်တဲ့ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှာ ရဟန္တာပေါင်း နှစ်သောင်းခြံရံပြီး ကပိလဝတ်နေပြည်တော်ကို ကြွခဲ့ပါတယ်။ ကပိလဝတ်နေပြည်တော်မှာ ဆွေတော်မျိုးတော်တွေကို ချီးမြှောက် တော်မူပြီးနောက် ရာဟုလာမင်းသားလေးကို ကိုရင်ဝတ်ပေးပြီးလို့ မကြာခင်မှာဘဲ ကပိလဝတ် နေပြည်တော် ကနေ မလ္လတိုင်းကို ဒေသစာရီခရီးကြွရင်းက မလ္လာမင်းတို့ရဲ့ အနုပိယသရက်ဥယျာဉ်ကို ရောက်တော်မူကာ သီတင်းသုံးနေခဲ့ပါတယ်။

ဒီအချိန်မှာ သုဒ္ဓေါဓနမင်းတရားကြီးက သာကီဝင်မင်းသားတွေကို မြတ်စွာဘုရားထံမှာ ရဟန်းဝတ်ပြီး ခြံရံပေးကြဖို့တိုက်တွန်းကြတဲ့အတွက် သာကီဝင်မင်းသား တစ်ထောင် ရဟန်းပြုခဲ့ကြတယ်။ ဒီလို သာကီဝင် မင်းသားတွေ ရဟန်းဝတ်ကြတဲ့အချိန်မှာ မဟာနာမ် သာကီဝင်မင်းသားက စီးပွားရေးလုပ်ငန်းကိစ္စတွေ လုပ်နေ ရတဲ့ ဓနရှင်တစ်ယောက် ဖြစ်နေပါပြီ။ မဟာနာမ်မင်းသားက သူ့ညီထွေး အနုရုဒ္ဓါမင်းသားထံသွားပြီး "ညီထွေး အနုရုဒ္ဓ....ခုနေအခါ ထင်ရှားကြတဲ့ သာကီဝင်မင်းသားတွေ မြတ်စွာဘုရားနောက် အတုလိုက်ပြီး ရဟန်းဝတ် နေကြတယ်၊ ငါတို့အမျိုးထဲက တစ်ယောက်မှ ရဟန်းဝတ်တဲ့သူ မရှိသေးဘူး၊ ဒါ့ကြောင့် ငါ့ညီရင်လဲ ရဟန်းဝတ် ပါ၊ ဒါမှမဟုတ် ငါရင်လဲ ရဟန်းဝတ်မယ်" လို့ တိုင်ပင်ပြောဆိုပါတယ်။

အနုရုဒ္ဓါမင်းသားဟာ မရှိဆိုတဲ့စကားတောင် မကြားဘူးလေတော့ ရဟန်းဝတ်တယ်ဆိုတာလဲ မသိနား မလည်တဲ့အတွက် "နောင်တော်...သင်ပြောတဲ့ ရဟန်းပြုတယ် ဆိုတာ ဘယ်လိုဟာပါလဲ"လို့ နောင်တော် မဟာနာမ်မင်းသားကို မေးပါတယ်။ ဒီအခါ မဟာနာမ်က ရဟန်းဆိုတာ ဆံပင်၊ မုတ်ဆိတ်တွေ ရိပ်ပယ်၊ ဖန်ရည်ဆိုးတဲ့အဝတ်ကို ဝတ်ရုံပြီး သစ်သားအခင်းမှာ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ကြိမ်ဝါးနဲ့ခင်းထားတဲ့ ကုတင် ညောင်စောင်းပေါ်မှာဖြစ်ဖြစ် နေထိုင်အိပ်စက်ကာ အိမ်စဉ်ဆွမ်းခံလှည့်လည်ပြီး နေရတယ်။ ဒါကို ရဟန်းပြု တယ်လို့ခေါ်တယ်ဆိုတဲ့အကြောင်း အနုရုဒ္ဓါမင်းသားကို ရှင်းပြတယ်။ ဒီအခါ အနုရုဒ္ဓါမင်းသားက သူဟာ သိမ်မွေ့ နူးညံ့သူ ဖြစ်တဲ့အတွက် ရဟန်းမပြုနိုင်ပါကြောင်း ပြောပြပါတယ်။ ဒါနဲ့ မဟာနာမ်မင်းသားက "ညီတော်... ဒါဆိုရင်လဲ သင်ဟာ လူမှုကိစ္စတွေ နားလည်အောင် သင်ယူပြီး အိမ်ထောင်ကို စီမံအုပ်ချုပ်နေပါ။ ငါတို့ ညီအစ်ကို နှစ်ယောက်ထဲက တစ်ယောက်ယောက်တော့ ရဟန်းမပြုလို့ မဖြစ်ဘူး" လို့ ရှင်းပြပါတယ်။

ထမင်းဘယ်က ဖြစ်တယ်ဆိုတာတောင် မသိကြပုံ

ဒီအခါ အနုရုဒ္ဓါမင်းသားလေးက နောင်တော်ဖြစ်တဲ့ မဟာနာမ်မင်းသားကို လူမှုကိစ္စတွေဆိုတာ ဘာကို ပြောတာလဲလို့ ပြန်မေးပါတယ်။ ထမင်းဆိုတာ ဘယ်ကဖြစ်တယ်လို့ ထမင်းရဲ့ ဖြစ်ရာ မူလအကြောင်းရင်း ကိုတောင် မသိတဲ့ အနုရုဒ္ဓါမင်းသားလေးအတွက် လူမှုကိစ္စတွေကို ဘယ်မှာ သိနိုင်ပါ့မလဲ။ ဒါကို ထင်ရှားအောင်

ရှင်းပြပါဦးမယ်။ တစ်နေ့မှာတော့ ကိမိလမင်းသားရယ်၊ ဘဒ္ဒိယမင်းသားရယ်၊ အနုရုဒ္ဓါမင်းသားရယ် သုံးယောက် ဆုံပြီး စကားပြောကြရင်းက "ထမင်းဆိုတာ ဘယ်က ဖြစ်တာလဲ"လို့ ဆွေးနွေးစရာ တစ်ခုဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအခါ ကိမိလမင်းသားက "ထမင်းဆိုတာ စပါးကျီထဲက ဖြစ်တာ" လို့ ပြောပါတယ်။ သူ ဒီလို ပြောတာကလဲ ထမင်းနဲ့ပတ်သက်ပြီး ဘုရင့်စပါးကျီထဲကနေ ဆန်စပါးတွေ ထုတ်ယူနေတာကိုသာ မြင်ဘူးပြီး၊ လယ်ခင်းတွေကို လုံးဝမမြင်ဘူးလို့ ပြောတာဖြစ်ပါတယ်။ ဘဒ္ဒိယမင်းသားက ကိမိလမင်းသားကို "မင်းက ထမင်းဘယ်က ဖြစ်သလဲ ဆိုတာတောင် မသိပါလား၊ တကယ်တော့ ထမင်းဆိုတာ အိုးထဲက ဖြစ်တာကွ" လို့ ပြောလိုက်တယ်။ သူဒီလိုပြောတာကလဲ ထမင်းအိုးထဲမှာ ထမင်းချက်နေတာကိုပဲ မြင်ဘူးပြီး လယ်ခင်းတွေ၊ စပါးကျီထဲက စပါး ထုတ်တာတွေကို မမြင်ဘူးတဲ့အတွက်ကြောင့်ပါ။ နောက်ဆုံးအနုရုဒ္ဓါမင်းသားလေးက "မင်းတို့နှစ်ယောက်လုံး ထမင်းဘယ်က ဖြစ်တယ်ဆိုတာ သေချာမသိပါဘူး၊ ထမင်းဆိုတာ ရွှေအုပ်ထဲက ဖြစ်တာကွ" လို့ ကျန်တဲ့ နှစ်ယောက်ကို ပြောလိုက်တယ်။ သူလဲ စပါးကျီထဲက စပါးထုတ်၊ ဆန်ကျိတ်ပြီး ချက်တာတွေ၊ အိုးထဲကနေ ထမင်းခူးတာတွေကို မမြင်ဖူးပါဘူး၊ သူ ထမင်းစားတော့မယ်ဆို ရွှေအုပ်ထဲ အရံသင့်ထည့်ပြီး သူ့ရှေ့ချထားကိုသာ မြင်ဖူးလို့ ပြောတာ ဖြစ်ပါတယ်။ အဲဒီလောက်ကိုပဲ မင်းသားသုံးယောက်လုံးဟာ ထမင်းဘယ်က ဖြစ်တယ်ဆို တာတောင် မသိကြတာပါ။

ဒါ့ကြောင့် အနုရုဒ္ဓါမင်းသားလေးက လူမှုကိစ္စတွေဆိုတာ ဘာတွေလဲလို့ မဟာနာမ်မင်းသားကို မေးရခြင်း ဖြစ်ပါတယ်။ ဒီလိုမေးတဲ့အတွက် မဟာနာမ်မင်းသားက ညီတော်ကို လူမှုကိစ္စတွေနဲ့ပတ်သက်ပြီး ခုလို ရှင်းပြပါတယ်။ မိုးဦးကျပြီဆိုရင် လယ်အရင်ထွန်ရတယ်၊ ပြီးရင် ပျိုးကြဲရတယ်၊ အချိန်အခါအလိုက် ရေသွင်း ရေထုတ်လုပ်ရတယ်၊ ပေါင်းမြက်သုတ်သင်ရတယ်၊ ကောက်စပါးမှည့်လာပြီဆိုရင် ရိတ်သိမ်း၊ လှည်းနဲ့တလင်းကို ပို့၊ ကောက်လှိုင်းဖြန့်၊ ကောက်လှိုင်းနယ်၊ ကောက်ရိုးထုတ်-ကောက်လှိုင်းခါ၊ စပါးဖျင်းထုတ်၊ စပါးလှေ့၊ နောက်ဆုံး စပါးကျီထဲ ထည့်ရတယ်။ နောက်နှစ်လဲ ဒီအတိုင်းပဲ လုပ်၊ နောက်နှစ် နောက်နှစ်တွေလဲ ဒီအတိုင်းပဲ လုပ်ရတယ်ဆိုတဲ့အကြောင်း လူမှုကိစ္စဆိုတာကို ရှင်းပြပေးတယ်။ ဒီအခါ အနုရုဒ္ဓါမင်းသားက လူမှုကိစ္စတွေ ကလဲ များလိုက်တာ၊ ဘယ်အချိန်ကျမှ ကုန်မယ်မှန်းလဲ မသိ၊ ဘယ်အချိန်ကျမှ ကိုယ်ပျော်ချင်တဲ့ ကာမဂုဏ် တွေနဲ့ စိတ်အေးလက်အေး ပျော်နိုင်ပါ့မလဲ-လို့ ငြီးငြူပြောဆိုလိုက်တယ်။

ဒီလို အနုရုဒ္ဓါမင်းသားက ငြီးငြူတဲ့အခါ မဟာနာမ်မင်းသားက လူမှုကိစ္စဆိုတာ မကုန်နိုင်၊ မဆုံးနိုင်ကြောင်း၊ လူမှုကိစ္စလုပ်ငန်းတွေ မကုန်မဆုံးခင်မှာဘဲ အဖိုး၊ အဖွားတွေဟာ ကွယ်လွန်ခဲ့ရတဲ့အကြောင်း ရှင်းပြတယ်။ ဒီအခါ အနုရုဒ္ဓါမင်းသားက နောင်တော်ပဲ လူမှုကိစ္စတွေ သိရှိကာ စီမံဆောင်ရွက်ပြီး နေရစ်ပါတော့၊ သူကတော့ ရဟန်းဝတ်ပါတော့မယ်-လို့ ပြောဆိုကာ သူ့ရဲ့ မယ်တော်ထံသွားပြီး ရဟန်းပြုဖို့ ခွင့်တောင်းပါတယ်။ အနုရုဒ္ဓါမင်းသားရဲ့ မယ်တော်က သူ့သားကို သိပ်ချစ်တော့ ရဟန်းပြုခွင့် မပေးပါဘူး။ နှစ်ကြိမ် တောင်းပန်မရ၊ သုံးကြိမ်မြောက် ရဟန်းပြုဖို့ ခွင့်တောင်းပြန်ပါတယ်။ အဲဒီအချိန်က သုဒ္ဓေါဓနမင်းကြီး အသက်ရွယ်ကြီးလာပြီ ဖြစ်တဲ့အတွက် ဘဒ္ဒိယသာကီဝင်မင်းသား မင်းဖြစ်နေတဲ့အချိန်အခါ ဖြစ်ပါတယ်။ အနုရုဒ္ဓါရဲ့ မယ်တော်က "သာကီဝင်မင်းလုပ်ပြီး အုပ်ချုပ်နေတဲ့ ဘဒ္ဒိယမင်းဟာ အနုရုဒ္ဓါရဲ့ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းဖြစ်တယ်။

ဘဒ္ဒိယမင်းဟာ ခု တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရတဲ့ အတွက် ဘယ်နည်းနဲ့မှ ရဟန်းမဝတ်နိုင်လောက်ဘူး”လို့ တွေးတောပြီး သင့်ရဲ့သူငယ်ချင်း ဘဒ္ဒိယမင်း ရဟန်းဝတ်လျှင် သင်လဲ ရဟန်းဝတ်ပါလို့ အနုရုဒ္ဓါမင်းသားကို ပြောဆိုလိုက်ပါတယ်။ ဒါနဲ့ အနုရုဒ္ဓါမင်းသားလဲ ဘဒ္ဒိယမင်းထံ သွားရောက်ကာ သူနဲ့အတူ ရဟန်းဝတ်ဖို့ တိုင်ပင်ပါတယ်၊ ဘဒ္ဒိယမင်းလဲ အတန်တန် ငြင်းပါတယ်။ ဒါပေမဲ့ နောက်ဆုံး အနုရုဒ္ဓါမင်းသားရဲ့ အလိုဆန္ဒကို လိုက်ပြီး ရဟန်းပြုပါမယ်လို့ ကတိပေးပါတော့တယ်။

ဒီ့နောက်တော့ ဘဒ္ဒိယသာကီဝင်မင်း၊ အနုရုဒ္ဓါမင်းသား၊ အာနန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသားနဲ့ ဒေဝဒတ္တမင်းသား ဒီသာကီဝင်မင်းသား ခြောက်ဦးဟာ ဥပါလိဆတ္တာသည်နဲ့အတူ မြတ်စွာဘုရားရှိရာ အနုပိယာသရက်ဥယျာဉ်သို့ သွားရောက်ကာ မြတ်စွာဘုရားအထံတော်မှာ ရဟန်းဝတ်လိုက်ကြပါတယ်။

အဲဒီနှစ်ဝါတွင်းမှာပဲ ဒီရဟန်းခုနစ်ပါးထဲက ဘဒ္ဒိယမထေရ်က အရဟတ္တဖိုလ်ရပြီး ရဟန္တာဖြစ်တော်မူခဲ့ပါတယ်။ အနုရုဒ္ဓါမထေရ်က ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရတော်မူခဲ့တယ်၊ ရှင်ဒေဝဒတ်က လောကီစျာန်သမာပတ်ရှစ်ပါးကို ဖြစ်စေပြီး လောကီအဘိညာဉ်တွေကို ရရှိခဲ့တယ်၊ အရှင်အာနန္ဒာမထေရ်က သောတာပတ္တိဖိုလ်ရပြီး သောတာပန်ဖြစ်ခဲ့တယ်၊ ဘဂုမထေရ် ကိမိလမထေရ်တို့ကတော့ နောင်အခါကျမှ အရဟတ္တဖိုလ်ရကာ ရဟန္တာဖြစ်တော်မူခဲ့ကြတယ်။ ဒီမထေရ်တွေရဲ့ ဆုတောင်းတွေ ကောင်းမှုတွေက သူတို့နဲ့ သက်ဆိုင်တဲ့နေရာ ရောက်တဲ့ အခါမှာ ဖေါ်ပြပေးပါ့မယ်။

အရှင်အနုရုဒ္ဓါမထေရ် တရားမတက်နိုင်ခြင်းအကြောင်း

ဒီအထဲက အရှင်အနုရုဒ္ဓါမထေရ်ဟာ ရဟန်းပြုတဲ့ဝါတွင်းမှာပဲ သမာပတ်ရှစ်ပါးကို ရရှိတော်မူခဲ့ပြီး လောကဓာတ် စကြဝဠာတိုက်ပေါင်း တစ်ထောင်ကို ရှုမြင်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိခဲ့တာပါ။ အရှင်အနုရုဒ္ဓါအရှင်မြတ်ဟာ တစ်နေ့မှာတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံ သွားရောက်ပြီး “ငါ့ရှင်သာရိပုတ္တရာ ...(၁) အကျွန်ုပ်ဟာ လူ့မျက်စိထက်သာလွန်ပြီး နတ်မျက်စိနဲ့တူတဲ့ အထူးစင်ကြယ်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ် ဉာဏ်မျက်စိနဲ့ လောကဓာတ်တစ်ထောင်ကို မြင်နိုင်ပါတယ်၊ (၂) အကျွန်ုပ်ဟာ လုံ့လဝီရိယကိုလဲ နောက်မဆုတ်တမ်း အားထုတ်ပါတယ်၊ သတိလဲ မေ့လျော့ခြင်းမရှိဘဲ ခိုင်မြဲပါတယ်၊ ကိုယ်လဲ ပူပန်မှုမရှိ ငြိမ်းအေးပါတယ်၊ စိတ်လဲ တည်ကြည်ငြိမ်သက်ပါတယ်၊ (၃) အဲဒီလိုဖြစ်ပါလျက် အကျွန်ုပ်ရဲ့စိတ်ဟာ တဏှာဒိဋ္ဌိတွေနဲ့ မစွဲလန်းဘဲ အာသဝေါတရားတွေကနေ မလွတ်ကင်းသေးပါဘုရား” လို့ လျှောက်ထားခဲ့ပါတယ်။

ဒီအခါ အရှင်သာရိပုတ္တရာမထေရ်က အရှင်အနုရုဒ္ဓါကို “(၁) ငါ့ရှင်အနုရုဒ္ဓါ... ‘ငါဟာ လူ့မျက်စိထက်သာလွန်ပြီး နတ်မျက်စိနဲ့တူတဲ့ အထူးစင်ကြယ်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်မျက်စိနဲ့ လောကဓာတ်တစ်ထောင်ကို မြင်နိုင်တယ်’လို့ အကြံဖြစ်နေတာကိုက သင့်သန္တာန်မှာ မာနဖြစ်နေတာပါ၊ (၂) ငါ့ရှင်အနုရုဒ္ဓါ.... ‘ငါဟာ လုံ့လဝီရိယကိုလဲ နောက်မဆုတ်တမ်း အားထုတ်တယ်၊ သတိလဲ မေ့လျော့ခြင်းမရှိဘဲ ခိုင်မြဲတယ်၊

ကိုယ်လဲ ပူပန်မှုမရှိ ငြိမ်းအေးတယ်၊ စိတ်လဲ တည်ကြည်ငြိမ်သက်တယ်'လို့ အကြံဖြစ်နေတာက သင့်သန္တာန်မှာ စိတ်ပျံ့လွင့်တဲ့ ဥဒ္ဓစ္စဖြစ်နေတာပါ။ (၃) ငါ့ရှင်အနုရုဒ္ဓါ.... 'အဲဒီလိုဖြစ်ပါလျက် ငါ့ရဲ့စိတ်ဟာ တဏှာဒိဋ္ဌိတွေနဲ့ မစွဲလန်းဘဲ အာသဝေါတရားတွေကနေ မလွတ်ကင်းသေးပါလား'လို့ အကြံဖြစ်နေတာကကိုပဲ သင့်သန္တာန်မှာ တွေးတောမှု သံသယ ကုက္ကုစ္စတွေ ဖြစ်နေတာပါ။ ငါသင့်ကို တိုက်တွန်းလိုတာကတော့ သင်ဟာ ဒီ မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ တရားသုံးမျိုးကို ပယ်စွန့်ပြီး ဒီတရားသုံးမျိုးလုံးကို နှလုံးမသွင်းဘဲ နိဗ္ဗာန်ကိုပဲ မိမိစိတ်ကို ပို့ဆောင်ထားစေချင်ပါတယ်" လို့ ကမ္မဋ္ဌာန်းတရား ဟောကြားတော်မူခဲ့ပါတယ်။

ယောကျ်ားမြတ်တို့ရဲ့ အတွေးအကြံ ၈-မျိုး

အရှင်အနုရုဒ္ဓါမထေရ်ဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံမှာ ကမ္မဋ္ဌာန်းတရား သင်ယူပြီးတဲ့နောက် မြတ်စွာဘုရားကို ပန်ကြားလျှောက်ထားပြီးတဲ့အခါ စေတိယတိုင်း အရှေ့ဝါးတောအရပ်သို့ သွားရောက်ကာ ရဟန်းတရား ပွားများအားထုတ်ခဲ့ပါတယ်။ ဆယ့်ငါးရက်လုံးလုံး မအိပ်မနေ စင်္ကြံ ကမ္မဋ္ဌာန်းတရား အားထုတ်နေတာဖြစ်ပါတယ်။ အပြင်းအထန်အားထုတ်တဲ့အတွက်ကြောင့် ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်လာပြီး ဝါးရုံတစ်ရုံအောက်မှာ ခေတ္တခဏအပန်းဖြေ ထိုင်နေတုန်း အရှင်အနုရုဒ္ဓါရဲ့ စိတ်အစဉ်သန္တာန်မှာ ခုဖော်ပြမဲ့ ယောကျ်ားမြတ်တို့ရဲ့ အတွေးအကြံတွေ ပေါ်လာခဲ့ပါတယ်။

(၁) လောကုတ္တရာတရားကိုးပါးဆိုတာ အလိုနည်းတဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ တဏှာနဲ့ အလိုရမ္မက်ကြီးတဲ့ပုဂ္ဂိုလ်တွေ သန္တာန်မှာ မပြည့်စုံနိုင်၊

(၂) လောကုတ္တရာတရားကိုးပါးဆိုတာ ရောင့်ရဲလွယ်တဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ မရောင့်ရဲတဲ့ပုဂ္ဂိုလ်သန္တာန်မှာ မပြည့်စုံနိုင်၊

(၃) လောကုတ္တရာတရားကိုးပါးဆိုတာ ဆိတ်ငြိမ်မှုရှိတဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ အပေါင်းအဖော်တွေနဲ့ မွေ့လျော်တဲ့ပုဂ္ဂိုလ်သန္တာန်မှာ မပြည့်စုံနိုင်၊

(၄) လောကုတ္တရာတရားကိုးပါးဆိုတာ ထက်သန်တဲ့ လုံ့လဝီရိယရှိတဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ ပျင်းရိတဲ့ပုဂ္ဂိုလ်သန္တာန်မှာ မပြည့်စုံနိုင်၊

(၅) လောကုတ္တရာတရားကိုးပါးဆိုတာ သတိမြဲတဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ သတိမမြဲတဲ့ပုဂ္ဂိုလ် သန္တာန်မှာ မပြည့်စုံနိုင်၊

(၆) လောကုတ္တရာတရားကိုးပါးဆိုတာ သမာဓိအားကောင်းပြီး တည်ကြည်တဲ့ စိတ်ရှိတဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ သမာဓိမရှိ စိတ်မတည်တဲ့ပုဂ္ဂိုလ်သန္တာန်မှာ မပြည့်စုံနိုင်၊

(၇) လောကုတ္တရာတရားကိုးပါးဆိုတာ ပညာရှိတဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ ပညာမရှိတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ မပြည့်စုံနိုင်-လို့ ယောက်ျားမြတ်တို့ရဲ့ ဝိတက်အတွေးအကြံတွေ ထင်ထင်ရှားရှား ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီအချိန်မှာ မြတ်စွာဘုရားရှင်လဲ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာအမည်ရတဲ့ တောအုပ်မှာ သီတင်းသုံးနေတဲ့အချိန် ဖြစ်ပါတယ်။ အရှင်အနုရုဒ္ဓါမထေရ်မြတ်လဲ မဟာပုရိသဝိတက် ခုနစ်မျိုးကို တွေးကြံစဉ်းစားဆင်ခြင်ပြီးတဲ့နောက် ရှစ်ခုမြောက်မဟာပုရိသဝိတက်ကို ဆက်ပြီး ကြံစည်ဖို့ရာ ပင်ပန်းလျက် ရှိနေပါတယ်။ ဒါဟာလဲ သာဝကတွေရဲ့ ဓမ္မတာပါပဲ။ ဒီအခါ မြတ်စွာဘုရားရှင်ဟာ ဘေသကဠာတောအုပ်မှာ နေတော်မူရင်းကပင် အရှင်အနုရုဒ္ဓါအနေနဲ့ ရှစ်ခုမြောက် မဟာပုရိသဝိတက်အတွက် ပင်ပန်းလျက်ရှိနေတာကို သိတော်မူပြီး " ငါဟာ အနုရုဒ္ဓါရဲ့ အလိုအကြံကို ပြည့်စေမယ်" လို့ ကြံစည်တော်မူကာ တန်ခိုးနဲ့ တစ်ခဏအတွင်း အရှင်အနုရုဒ္ဓါရှေ့မှောက် ကြွရောက်တော်မူပြီးနောက် ခင်းထားတဲ့နေရာမှာ ထိုင်နေတော်မူပြီး အရှင်အနုရုဒ္ဓါရဲ့ မဟာပုရိသဝိတက် ခုနစ်မျိုးကို သာဓုခေါ်ကာ၊ ချီးကျူးအသိအမှတ်ပြုတော်မူပြီး ရွှေအိုး ခုနစ်လုံး ရထားတဲ့သူကို နောက်တစ်အိုး ပေးလိုက်သလိုမျိုး အရှင်အနုရုဒ္ဓါအတွက် ပင်ပန်းခက်ခဲနေတဲ့ ရှစ်ခုမြောက် မဟာပုရိသဝိတက်ကို ခုလို ဖြည့်စွက်မိန့်ကြားတော်မူပါတယ်။

"အနုရုဒ္ဓါ...လောကုတ္တရာတရားကိုးပါးဆိုတာ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေက ကင်းလွတ်ရာ နိဗ္ဗာန်မှာ မွေ့လျော်တဲ့ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်တယ်၊ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားမှာသာ ပျော်မွေ့နေတဲ့ပုဂ္ဂိုလ်တွေ သန္တာန်မှာ မပြည့်စုံနိုင်" လို့

ဒီရှစ်ခုမြောက် ယောက်ျားမြတ်တို့ရဲ့ အကြံကိုလည်း ဆက်ကြံဖို့ တိုက်တွန်းတော်မူပါတယ်။ ဒီ ယောက်ျားမြတ်တို့ရဲ့ အကြံတွေကို ပါဠိလို မဟာပုရိသဝိတက္ကလို့ ခေါ်ပါတယ်။ အခုလို တိုက်တွန်းတော်မူပြီးတဲ့နောက် မြတ်စွာဘုရားရှင်ဟာ အရှင်အနုရုဒ္ဓါမထေရ်မြတ်အား ဒီယောက်ျားမြတ်တို့ရဲ့ အကြံကြီး ရှစ်ခုကို ကြံစည်နေမယ်ဆိုရင် လောကီပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တွေကို အလွယ်တကူ ရယူဝင်စားနေနိုင်ကြောင်း၊ ဒီလောကီဈာန်တွေကို အလွယ်တကူ ဝင်စားနေနိုင်ရင် သင်္ကန်းအပေါ်မှာ ရောင့်ရဲလွယ်တာရယ်၊ ဆွမ်းအပေါ်မှာ ရောင့်ရဲလွယ်တာရယ်၊ ကျောင်းအိပ်ရာနေရာတွေအပေါ်မှာ ရောင့်ရဲ လွယ်တာရယ်နဲ့ ကမ္မဋ္ဌာန်းဘာဝနာအလုပ်တွေအပေါ်မှာ ပျော်မွေ့လာတာရယ် ဒီအရိယဝံသပဋိပဒါလို့ ခေါ်တဲ့ အရိယာသူတော်ကောင်းတွေ ကျင့်သုံးတဲ့ အကျင့်လေးပါးကို အလွယ်နဲ့ရမည်ဖြစ်ကြောင်း အကျယ်ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရားရှင်လဲ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို မဟာပုရိသဝိတက်ရှစ်မျိုး ဟောကြားတော်မူပြီးနောက် အရှင်အနုရုဒ္ဓါအတွက် ဝါးတောမှာနေမှသာ သပ္ပါယဖြစ်မှာမို့ လက်ရှိနေထိုင်နေတဲ့ ဝါးတောမှာပဲ ဝါကပ်ဖို့ မိန့်တော်မူပြီး ကောင်းကင်ခရီးနဲ့ ဘေသကဠာတောအုပ်သို့ ပြန်ကြွသွားတော်မူခဲ့ပါတယ်။ အဲဒီတောအုပ်ကို ပြန်ရောက်တဲ့အခါမှာလဲ မြတ်စွာဘုရားဟာ ရဟန်းတော်တွေကို ဒီမဟာပုရိသဝိတက်ရှစ်မျိုး အကျယ်ဟောကြားတော်မူပြန်ပါတယ်။

အရှင်အနုရုဒ္ဓါမထေရ်မြတ်လဲ မြတ်စွာဘုရားရှင် ကြွသွားတော်မူတာနဲ့ တစ်ခါထဲ ရဟန်းတရား မပြတ်ပွားများ အားထုတ်တော်မူလိုက်တာ မကြာခင် နောက်နှစ်ဝါတွင်းမှာပဲ ဝိဇ္ဇာသုံးပါးနဲ့ပြည့်စုံတဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်တော်မူခဲ့ပါတယ်။ နောက်ပိုင်းတစ်ချိန်မှာတော့ မြတ်စွာဘုရားဟာ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတုန်း ရဟန်းတော်တွေကို သက်ဆိုင်ရာ ဧတဒဂ်ဘွဲ့ထူးတွေပေးတဲ့ ဓမ္မသဘင်မှာ အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို "ရဟန်းတို့...ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ ငါဘုရားရဲ့တပည့်ရဟန်းတွေထဲမှာ အနုရုဒ္ဓါဟာ အသာဆုံး အမြတ်ဆုံးဖြစ်တယ်"လို့ ချီးကျူးစကား မိန့်ကြားပြီး ဒိဗ္ဗစက္ခုအဘိညာဉ်အရာမှာ ဧတဒဂ်အရာ ထားတော်မူခဲ့ပါတယ်။

လောကုတ္တရာ တရားနဲ့ ထိုက်တန်သူ

အရှင်အနုရုဒ္ဓါရဲ့အကြောင်းအရာကို ကြည့်ညိုကြည့်လိုက်တဲ့အခါ **အလိုနည်းသူဖြစ်မှ၊ ရောင့်ရဲလွယ်သူဖြစ်မှ၊ ကိလေသာနဲ့အပေါင်းအဖော်တွေကနေ ကင်းဆိတ်သူဖြစ်မှ၊ ဝီရိယရှိသူဖြစ်မှ၊ သတိမြဲသူဖြစ်မှ၊ သမာဓိရှိသူဖြစ်မှ၊ ပညာရှိသူဖြစ်မှ၊ ကိလေသာကင်းဆိတ်တဲ့ နိဗ္ဗာန်မှာ ပျော်မွေ့သူဖြစ်ပါမှ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ဆိုတဲ့ တရားထူး ရနိုင်တယ်**ဆိုတာ တွေ့ရမှာပါ။ ဒါဆိုရင် ဒီရှစ်ချက်နဲ့ ပြည့်စုံမှု ရှိ၊ မရှိ ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ရုံနဲ့တင် ကိုယ်ဘာလဲဆိုတာတော့ သိနိုင်ပါတယ်။ နောက်ပြီး အရှင်အနုရုဒ္ဓါ မာနဖြစ်နေလို့ တရားထူးမရဖြစ်နေတာကိုလဲ တွေ့ရမှာပါ။ ခုခေတ် တစ်ချို့ပုဂ္ဂိုလ်များ ဒီလောက်ကြိုးစားအားထုတ်ပါလျက် တရားထူးလဲမရပါလားဆိုပြီး ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေအတွက်တော့ ဒီအဖြစ်က သတိထားစရာအချက်ပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်အလုပ်ကို ဝီရိယနဲ့ မှန်မှန်လုပ်နေဖို့က အဓိကပါ။ ပန်းတိုင်ရောက်ပြီလား မရောက်သေးဘူးလားဆိုတာ ကိုယ့်အလုပ်မဟုတ်ပါဘူး။ အချိန်တန်ရင်တော့ ပန်းတိုင်က ရောက်ကို ရောက်မှာပါ။ ဒါကို ယုံကြည်ပြီး လုပ်နေဖို့ပါပဲ။

လောကုတ္တရာတရားနဲ့ ထိုက်တန်သူနဲ့ ပတ်သက်ပြီး အင်္ဂုတ္တိုရ်အဌကထာနဲ့ ဋီကာတွေမှာ ဖွင့်ဆိုထားတဲ့ အဓိပ္ပါယ်တွေကလဲ မှတ်သားစရာမို့ ဒီနေရာမှာ ဖေါ်ပြပါဦးမယ်။ **အလိုနည်းသူ**ဆိုတာ ပစ္စည်းနဲ့ပတ်သက်ပြီး အလိုနည်းသူ၊ တရားထူးနဲ့ပတ်သက်ပြီး အလိုနည်းသူ၊ ပရိယတ္တိနဲ့ပတ်သက်ပြီး အလိုနည်းသူ၊ ဓုတင်အကျင့်နဲ့ပတ်သက်ပြီး အလိုနည်းသူဆိုပြီး လေးမျိုး ရှိပါတယ်။

ပစ္စည်းနဲ့ပတ်သက်ပြီးအလိုနည်းသူဆိုတာက များများပေးလှူရင် နဲနဲပဲ လက်ခံတယ်၊ နဲနဲပဲ ပေးလှူရင် မဆိုစ လောက်ဘဲ လက်ခံတယ်၊ ပေးသမျှ လှူသမျှ အကုန်မယူတဲ့သူကို ဆိုလိုတာပါ။

တရားထူးနဲ့ပတ်သက်တဲ့ အလိုနည်းသူဆိုတာ ကိုယ်တရားထူးရထားတာကို သူများကို သိခွင့်မပေးတဲ့သူဖြစ်ပါတယ်။ (သူများက မမေးပဲ မိမိတရားထူးရနေပြီ လို့ တစ်နည်းနည်းနဲ့ တစ်ဖက်လူ သိအောင်ပြောတာ၊ ရေးတာတွေကတော့ စဉ်းစားစရာပါ။ မေးလာရင်လဲ ကြွားဝါတဲ့အနေနဲ့ ပြောခွင့်မရှိပါဘူး။ တကယ်ရတဲ့သူဆိုရင်လဲ ကြွားဝါလိုစိတ် မရှိတော့ပါဘူး။ မိမိနဲ့အတူ တကယ်အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ အားတက်အောင်တော့ ဥပါယ်တံမျဉ်အနေနဲ့ ပြောရင် အပြစ်မဖြစ်ဘူးလို့ ကျမ်းဂန်များမှာ ပြဆိုထားပါတယ်။)

ပရိယတ္တိနဲ့ပတ်သက်ပြီး အလိုနည်းသူဆိုတာက ပိဋကတ်သုံးပုံ ဆောင်ထားနိုင်တဲ့သူ ဖြစ်နေစေကာမူ မိမိဗဟုသုတရှိကြောင်း၊ တတ်ကြောင်း သူတစ်ဖက်သားကို မသိစေလိုတဲ့သူဖြစ်ပါတယ်။ ဓုတင်အကျင့်နဲ့ ပတ်သက်တဲ့အလိုနည်းသူဆိုတာလည်း မိမိဓုတင်ကျင့်နေကြောင်း သူများကို သိခွင့်မပေးတဲ့သူကို ဆိုလိုတာပါ။

မဂ်ဖိုလ်လို့ခေါ်တဲ့ လောကုတ္တရာတရားဆိုတာ မိမိမှာ တကယ်ရှိနေတဲ့ဂုဏ်ကိုတောင် လျှို့ဝှက်ပြီး နေတတ်တဲ့ အလိုနည်းသူ၊ အလှူခံတဲ့နေရာမှာ အတိုင်းအရှည်ပမာဏကို သိတတ်တဲ့ အလိုနည်းသူဖြစ်ပါမှ ပြည့်စုံနိုင်၊ ရနိုင်တာမျိုးပါ။ အလိုရမ္မက်ကြီးတဲ့ပုဂ္ဂိုလ်တွေနဲ့တော့ လားလားမှ မထိုက်တန်တဲ့ တရားတွေ ဖြစ်ပါတယ်။

ရောင့်ရဲလွယ်သူဆိုတာက အစားနဲ့ပဲဖြစ်ဖြစ်၊ အဝတ်သင်္ကန်းနဲ့ပဲဖြစ်ဖြစ်၊ နေစရာ အိမ်ကျောင်းနဲ့ပဲ ဖြစ်ဖြစ်၊ ဆေးဝါးနဲ့ပဲဖြစ်ဖြစ် ကိုယ့်ရှိတာနဲ့ ရောင့်ရဲနိုင်တဲ့သူ ဖြစ်ပါတယ်။ **ဆိတ်ငြိမ်သူ**ဆိုတာက ကိလေသာ အာရုံတွေ၊ အပေါင်းအဖေါ်တွေကနေ ကင်းဆိတ်ပြီး ကိုယ်တစ်ယောက်ထဲ ကိုယ့်နှလုံးသွင်းနေကျ တရားနဲ့ နေတဲ့သူကို ဆိုလိုပါတယ်။ **သတိကောင်းသူ**ဆိုတာက သတိပဋ္ဌာန်လေးပါး အမှတ်တရားတစ်ခုခုနဲ့ မှတ်နေတဲ့ သူ ဖြစ်ပါတယ်။ **ပညာရှိသူ**ဆိုတာက အနည်းဆုံး ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တဲ့အသိဉာဏ်ရှိသူကို ဆိုလိုတာ ဖြစ်ပါတယ်။ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တဲ့သူဆိုတာ ကံတွေကြောင့် ဘဝတွေအမျိုးမျိုး ရနေတာတွေဟာ အကျိုးမရှိဘူးဆိုတဲ့အထိ သိတဲ့အတွက် ကံတွေကို ကုန်စေတတ်တဲ့ မဂ်ဉာဏ်တွေကို တောင့်တလာတတ် ပါတယ်။ ဒါ့ကြောင့် အနည်းဆုံး ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တဲ့ ဉာဏ်ပညာနဲ့ပြည့်စုံပါမှ လောကုတ္တရာ တရားကို ရနိုင်တာပါ။ ဒီတော့ကာ တရားထူးရချင်တယ်ဆိုရင် အခြေခံအနေနဲ့ ဒီ မဟာပုရိသဝိတက်ရှစ်မျိုးနဲ့ ပြည့်စုံမှု ရှိအောင် ကြိုးစားကြရပါမယ်။

(ဂ) အရှင်မြတ်နဲ့ဆက်စပ်ပြီး ဟောထားတဲ့ တရားတော်

နောက်ပြီး အရှင်အနုရုဒ္ဓါမထေရ်မြတ်က မြတ်စွာဘုရားထံ မေးလျှောက်ခဲ့တဲ့ အကြောင်းအရာအချို့ ကိုလဲ ဗဟုသုတဖြစ်ဖွယ် ဖေါ်ပြပါဦးမယ်။ တစ်ခါတော့ အရှင်အနုရုဒ္ဓါမထေရ်ဟာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး "အရှင်ဘုရား....များသောအားဖြင့် အမျိုးသမီးတွေ ကွယ်လွန်ပြီးတဲ့နောက် အပါယ်ငရဲရောက်သွားတာကို တပည့်တော် ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်ပါတယ်ဘုရား၊ ဘယ်လိုအကြောင်းတွေကြောင့် အမျိုးသမီးတွေ ကွယ်လွန်ရင် အပါယ်ငရဲ ရောက်ရတာလဲဘုရား" လို့ မေးမြန်းလျှောက်ထားပါတယ်။ ဒီအခါမြတ်စွာဘုရားက "ချစ်သားအနုရုဒ္ဓါ....**မနက်ခင်းမှာ ဝန်တိုမှု မစ္ဆရိယစိတ်ထားနဲ့၊ နေ့ခင်းမှာ မနာလိုတဲ့ ဣဿာစိတ်ထားနဲ့၊ ညမှာ ကာမရာဂစိတ်ထားနဲ့ နေတဲ့အမျိုးသမီးတွေဟာ ကွယ်လွန်တဲ့အခါ အပါယ်ငရဲရောက်ပါတယ်**" လို့ ဖြေကြား တော်မူပါတယ်။ ဒီသုတ်မှာ အပါယ်ရောက်စေနိုင်တဲ့ အကြောင်းကတော့ မစ္ဆရိယ၊ ဣဿာ၊ ကာမရာဂ သုံးမျိုးကို တွေ့ရမှာပါ။

ဒီစိတ်တွေ သာမန်ထက် လွန်ကဲပြီး အမြဲမပြတ်ဖြစ်နေသူရဲ့သန္တာန်မှာ ကုသိုလ်စိတ် ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါ့ကြောင့် အကုသိုလ်ကံတွေ နေ့စဉ်နဲ့အမျှ ဖြစ်နေမှတော့ အပါယ်ရောက်ဖို့ သေချာ နေတဲ့

သဘောပါ။ ဒီသုတ္တန်က အမျိုးသမီးနဲ့စပ်ပြီး ဟောထားပေမဲ့ အမျိုးသားတွေ၊ ရှင်ရဟန်းတွေလဲ ဒီစိတ်ထား မျိုးတွေ မိမိသန္တာန်က မဖယ်ရှားနိုင်ဘူးဆိုရင် သူတို့နဲ့လဲ အပါယ်လေးဘုံက ဆိုင်နေမှာပါ။ ဒါ့ကြောင့် ဒီလို အပါယ်လားစေတတ်တဲ့ အကုသိုလ်တရားဆိုးတွေကို ပယ်ဖို့အတွက် ဘုရားရှိခိုးတာ၊ ဂုဏ်တော်ပွားတာ၊ မေတ္တာပို့တာ၊ ဝိပဿနာတရား ရှုပွားတာ စတဲ့ ကုသိုလ်တွေ လုပ်နေကြရတာပါ။ ဘာပဲဖြစ်ဖြစ် ဒီကုသိုလ်တွေ လုပ်နေတဲ့အချိန်မှာတော့ ဣဿာ၊ မစ္ဆရိယ၊ ကာမရာဂစိတ်တွေဟာ တဒင်္ဂတော့ ကင်းနေတာပါ။ တဒင်္ဂ ကင်းတာကနေ တစထက်တစ ပါးသထက်ပါးလာပြီး အမြစ်ပြတ်ပယ်နိုင်တဲ့အထိ ကြိုးစားရမှာ ဖြစ်ပါတယ်။

သာသနာတွင်းအလှူနဲ့ သာသနာပအလှူ အကျိုးပေး ကွားခြားပုံ

အရှင်အနုရုဒ္ဓါမထေရ်နဲ့ ဆက်စပ်နေတဲ့ သာသနာတွင်းအလှူနဲ့ သာသနာပအလှူ နှစ်ခုတို့ရဲ့ ကွားခြား ပုံကိုလဲ ပေတဝတ္ထုပါဠိတော်၊ အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတွေကနေ အလျဉ်းသင့်တုန်း ဖော်ပြချင်ပါတယ်။ မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီး ခုနစ်ဝါမြောက်ကာလ တာဝတိံသာနတ်ပြည်မှာ နတ်တွေကို အဘိဓမ္မာတရား ဟောတုန်းက မြတ်စွာဘုရားရဲ့ လက်ယာဘက်အခြမ်းမှာ မယ်တော်ဖြစ်ခဲ့ဘူးတဲ့ သန္တုသိတနတ်သားထိုင်နေပြီး သူ့နောက်မှာတော့ ဣန္ဒကနတ်သား ထိုင်ပါတယ်။ လက်ဝဲဘက်အခြမ်းမှာတော့ အင်္ကုရနတ်သား ထိုင်နေ ပါတယ်။ နောက်ထပ် တန်ခိုးကြီးတဲ့နတ်တွေ ရောက်လာတဲ့အခါ အင်္ကုရနတ်သားက နောက်ကို ဖယ်ပေး ရတယ်။ အင်္ကုရနတ်သားဟာ သူ့ထက်တန်ခိုးကြီးတဲ့နတ်တွေ ရောက်လာတိုင်း ဖယ်ပေးရလို့ မြတ်စွာဘုရားနဲ့ တစ်ဆယ့်နှစ်ယူဇနာဝေးတဲ့အရပ်အထိ ရောက်သွားတယ်။ သန္တုသိတနတ်သားနောက်မှာ ထိုင်နေတဲ့ ဣန္ဒက နတ်သားကတော့ နေရာဖယ်ပေးစရာမလိုပဲ သူ့မူလထိုင်နေတဲ့ မြတ်စွာဘုရားနဲ့နီးတဲ့ နေရာမှာပဲ ထိုင်ရပါတယ်။

ဒီနတ်သားနှစ်ယောက်ကို ကြည့်ပြီး မြတ်စွာဘုရားရှင်က သာသနာတွင်းမှာ လှူရတဲ့ အလှူရဲ့ ကြီးကျယ် မြင့်မြတ်ပုံကို သိစေချင်တဲ့အတွက် အင်္ကုရနတ်သားကို " အင်္ကုရနတ်သား... သင်ဟာ အနှစ် တစ်သောင်းတောင် အလှူအကြီးအကျယ် ပေးလှူခဲ့ပါလျက်နဲ့ အခု ဒီတရားနာဖို့ နေရာယူကြတဲ့အခါ သင်ဟာ မူလထိုင်နေတဲ့ နေရာကနေ တစ်ဆယ့်နှစ်ယူဇနာရောက်တဲ့အထိ နောက်ဆုတ်နေရာဖယ်ပေးရတာလဲ" လို့ မေး တော်မူပါတယ်။ ဒီအခါ အင်္ကုရနတ်သားက "မြတ်စွာဘုရား... တပည့်တော်ရဲ့အလှူပွဲမှာ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်ကို မရခဲ့ပါဘုရား၊ မြင့်မြတ်တဲ့အလှူခံပုဂ္ဂိုလ်မှ ဆိတ်သုဉ်းခဲ့တဲ့အတွက် တပည့်တော် အခုလို နေရာဖယ်ပေးရခြင်း ဖြစ်ပါတယ်ဘုရား"လို့ လျှောက်ထားပါတယ်။

အခုလို အင်္ကုရနတ်သားက လျှောက်တဲ့အခါ မြတ်စွာဘုရားရှင်က ဣန္ဒကနတ်သားကို "ဣန္ဒကနတ်သား...သင်က ငါ့ရဲ့ လက်ယာဘက်မှာပဲ ထိုင်နေရပြီး ဘာ့ကြောင့် နေရာ ဖယ်မပေးရဘဲ ထိုင်နေနိုင်တာလဲ" လို့ မေးတော်မူပါတယ်။ ဒီအခါ ဣန္ဒကနတ်သားက "မြတ်စွာဘုရား... တပည့်တော်ဟာ လယ်ယာမြေကောင်းမှာ မျိုးစေ့အနည်းငယ် စိုက်ရုံမျှနဲ့ ကောက်ပဲသီးနှံတွေ အများကြီး ရတဲ့ လယ်သမားလို တပည့်တော်ရဲ့ အလှူမှာ မြင့်မြတ်တဲ့အလှူခံပုဂ္ဂိုလ်ကို ရခဲ့တဲ့အတွက်ကြောင့် တပည့်တော် ခုလို နေရာဖယ် မပေးရခြင်းဖြစ်ပါတယ်ဘုရား" လို့ ဖြေကြားပါတယ်။ ဒီ ဣန္ဒကနတ်သားရဲ့ ကောင်းမှုက အရှင်

အနုရုဒ္ဓါမထေရ်မြတ် ရှားတွင်း ဆွမ်းခံကြွလာတုန်း ဆွမ်းလေးတစ်ဇွန်း လောင်းလှူခဲ့ဖူးတဲ့ ကောင်းမှု ကုသိုလ်ပါ။ လူ့ဘဝဆင်းရဲသားဖြစ်စဉ်က အရှင်အနုရုဒ္ဓါမထေရ်ကို ဆွမ်းတစ်ဇွန်းလောင်းလှူခဲ့ဖူးတဲ့ သာသနာတွင်း ကုသိုလ်က အနှစ်တစ်သောင်းတိတိ အလှူကြီးပေးလှူခဲ့တဲ့ အင်္ဂရရဲ့ သာသနာပကုသိုလ်ထက် အဆပေါင်း များစွာသာတဲ့အကျိုးကို ရခဲ့တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားက အလှူဒါနပြုတဲ့အခါ ဉာဏ်နဲ့ ရွေးချယ်စိစစ်ပြီး ပေးလှူသင့်ကြောင်း၊ အဲဒီလို စိစစ်လှူဒါန်းခြင်းက လယ်ယာမြေကောင်းမှာ စိုက်ပျိုးတဲ့မျိုးစေ့ လို့ ကြီးကျယ်တဲ့အကျိုးကို ပေးစွမ်းနိုင်ကြောင်း အကျယ်တဝင့် ဆက်ပြီး တရားဟောတော်မူခဲ့ပါတယ်။ ဒါက အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို ဆွမ်းတစ်ဇွန်းလောင်းလှူရုံမျှနဲ့ ကြီးကျယ်တဲ့ နတ်စည်းစိမ်ကို ရခဲ့တဲ့ ဣန္ဒက နတ်သားရဲ့ဖြစ်စဉ်ဖြစ်ပါတယ်။

အရှင်အနုရုဒ္ဓါမထေရ်အကြောင်းကို ပြန်ကြည့်ရင် အဓိကကောင်းမှုတွေအနေနဲ့ ဒိဗ္ဗစက္ခုအဘိညာဉ် အရာ တေဒဂ်ရဖို့အတွက် ဆုတောင်းပြီး ကုသိုလ်ပြုတာရယ်၊ ဆီမီးလှူတာရယ်၊ နောက်ဆုံးဘဝ ယောက်ျား မြတ်တို့ အတွေးအကြံရှစ်မျိုး တွေးကြံလို့ရယ် ဒီအကြောင်းတရားတွေကို တွေ့ရမှာပါ။ ဆီမီးလှူဒါန်းခဲ့တဲ့ အတွက်ကြောင့် သိကြားမင်းဘဝကို ကမ္ဘာသုံးဆယ် ရခဲ့ပြီး စကြဝတေးမင်း နှစ်ဆယ့်ရှစ်ကြိမ် ဖြစ်ခဲ့တယ်လို့လဲ အရှင်မြတ် ဟောခဲ့တာကို ထေရာပဒါန်မှာ မှတ်တမ်းတင်ထားပါတယ်။

နိဂုံးချုပ်အနေအားဖြင့် အရှင်အနုရုဒ္ဓါမထေရ်လို ကောင်းမြတ်တဲ့ အကြောင်းတရားတွေကို ဖြည့်ကျင့် နိုင်ကြပါစေ၊ အထူးအားဖြင့် မဟာပုရိသဝိတက်ရှစ်မျိုးကို အမြဲကြံစည်နိုင်ကြပါစေ၊ ပါရမီပြည့်သောခဏ၌ အရှင်မြတ်ကြီးတို့သိတဲ့ သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ လျင်မြန်စွာ သိနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ကြပါစေ လို့ ဆုတောင်းရင်း ဒီတပတ် သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး---
၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ တတိယတွဲ၊
၂။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် ဋီကာ ပထမတွဲ၊ တတိယတွဲ။
၃။ အပဒါန်ပါဠိတော်၊ ၎င်း အဋ္ဌကထာ။
၄။ ထေရဂါထာပါဠိ၊ ၎င်း အဋ္ဌကထာ။
၅။ ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ၊ ဒုတိယတွဲ။
၆။ ပေတဝတ္ထုပါဠိတော်၊ အဋ္ဌကထာ။
၇။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပထမပိုင်း။

အရှင်နေမိန္ဒာဘိဝံသ
သိရီမင်္ဂလာကျောင်း၊ ပေါ့တလန်မြို့၊ အော်ရီဂွန်ပြည်နယ်၊ အမေရိကန်နိုင်ငံ။
၁၃၇၉-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၂) ရက်၊ ၂၀၁၈-ခုနှစ်၊ဧပြီလ(၁၂)ရက်၊ ကြာသပတေးနေ့။ ညနေ ၆း၂၃။